# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ဗြဟ္မဏ

နက်နဲသောပညာ ရှိသော၊ ထက်မြက်သောပညာ ရှိသော၊ လမ်းမှန်ဟုတ်သည် မဟုတ်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

ဗြာဟ္မဏဝဂ်(ဓမ္မပဒ-၄၀၃)


၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက် | ၂၀၂၀ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်၊ သောကြာနေ့ | အတွဲ(၆၅)၊ အမှတ်(၃၅၅)


## တွန်းဇံမြို့၌ ဆက်သွယ်ရေးကွန်ရက်သုံး MPT ဖုန်းလိုင်းများ ပြန်လည်အသုံးပြုနိုင်ပြီဖြစ်

တွန်းဇံ စက်တင်ဘာ ၂၄

ချင်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝအဆင်ပြေချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု ပြန်လည်ကောင်းမွန်ရေးနှင့် သတင်းအချက်အလက်စီးဆင်းမှု မပြတ်တောက်စေရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)အနေဖြင့် ဆက်သွယ်ရေးကွန်ရက်များ ပြန်လည်ရရှိနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✪




## တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၄

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖

## ယနေ့ ဖတ် စ ရာ

**ခရီးသွားကဏ္ဍဆန်းသစ်ဖို့ ဒီဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာသုံးကြစို့**

ဆောင်းပါး | စာ ၆


**မရမ်းကုန်းမြို့နယ် ချမ်းမြေ့ရိပ်သာကျောင်းတိုက် ချမ်းမြေ့ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇနကာဘိဝံသ၏ အန္တိမ အဂ္ဂိစျာပန သာဓုကီဠနပူဇော်ပွဲကျင်းပမည်**

ပြည်တွင်းသတင်း | စာ ၁၂

**မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ စင်ကာပူနိုင်ငံကြက်ခြေနီအသင်းက Distinguished Friend of Singapore Red Cross Award ချီးမြှင့်**

ပြည်တွင်းသတင်း | စာ ၁၅

## အားကောင်းသော မုန်တိုင်းငယ် တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်း




နေပြည်တော် စက်တင်ဘာ ၂၄

ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သြရိသပြည်နယ်တောင်ပိုင်းကမ်းခြေတို့ကို ဗီဆာကာပတ္တနမ်မြို့နှင့် ဂိုလ်ပါပူမြို့တို့အကြား ကာလင်ဂါပတ္တနမ်မြို့၏အနောက်တောင်ဘက်အနီးမှ ဖြတ်ကျော်ခဲ့သော အားကောင်းသော မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံကုန်းတွင်းပိုင်းဒေသများသို့ ဆက်လက်ဖြတ်ကျော်လျက်ရှိကာ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ



## ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၄

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် သစ်အယ်ပင်-ထယ်သွန်းလမ်းတွင် ၁၉၈၅ ပေ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းတစ်ခုလုံး၏ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၅ ကော်လံ ၅* ○

## ကျွန်းစုမြို့၌ ရေဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ကျွန်းစု စက်တင်ဘာ ၂၄

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ ရေဘေးအန္တရာယ် ဖြစ်ပွားလာပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်ရာဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေရေး ရည်ရွယ်၍ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရေဘေးအန္တရာယ် သရုပ်ပြလေ့ကျင့်မှုကို ယနေ့နံနက် ၁၀ နာရီခွဲက ကျွန်းစုမြို့အဝင် ဆိပ်ခံတံတား အရှေ့ရေပြင်၌ ဆောင်ရွက်သည်။

ဦးစွာ မြို့အဝင် ဆိပ်ခံတံတားအရှေ့ဘက်ရေပြင်၌ စက်လှေတစ်စင်းတိမ်းမှောက်မှုသရုပ်ပြလေ့ကျင့်ရာ

*စာမျက်နှာ ၃ ကော်လံ ၁* ❐



# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ (MNTJP/ MNDAA)တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသော အမျိုးသားပါတီ(MNTJP/ MNDAA) တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ် အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသော အမျိုးသားပါတီ(MNTJP/ MNDAA)မှ MNTJP ပေါလစ်ဗျူရို၊ အထွေထွေအတွင်းရေးမှူး(၂)၊ ဆက်ဆံရေးဌာန ဌာနမှူး ဦးဖုန်ဝင်းနိုင်၊ MNTJP ပေါလစ်ဗျူရိုနှင့် နိုင်ငံရေးဌာန ဌာနမှူး ဦးကျင်းရှင်း၊ ဗဟိုကော်မတီဝင်၊ MNDAA စစ်ဦးစီးဌာန ဒုတိယစစ်ဦးစီးမှူး ဦးလီရှိကြဲ၊ ဗဟိုကော်မတီဝင်၊ MNDAA နိုင်ငံရေးဌာန ဒုတိယဌာနမှူး ဦးချားတတ်အန်း၊ ဗဟိုကော်မတီဝင်၊ အထူးဒေသအရာရှိသင်တန်းကျောင်း ဒုတိယကျောင်းအုပ် ဦးလီဖျင်ယုံ၊ ဆက်ဆံရေးဌာန ဒုတိယဌာနမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန ဒုတိယဌာနမှူး ဦးလီကြားခွမ်း၊ တပ်မဟာ(၆၁၁) ဒုတိယ နိုင်ငံရေးမှူးနှင့် ပစ်ခတ်ရပ်စဲမှုစောင့်ကြည့်ရေးအဖွဲ့ရုံး တာဝန်ခံ ဦးရွှေခိုင်၊ ဗဟိုကော်မတီရုံး အဖွဲ့ဝင် ဦးရန်နိုင်၊ MNDAA နိုင်ငံရေးဌာန စည်းရုံးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးချစ်ကွားရှင်၊ ဆက်ဆံရေးဌာနရုံးအဖွဲ့ဝင် ဒေါ်ရှဲယွီရှင်း၊ နိုင်ငံရေးဌာနရုံးအဖွဲ့ဝင် ဦးလီဝင်လုံတို့ ပါဝင်သည့် ကိုယ်စားလှယ်များတက်ရောက်ကြသည်။



တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပြောကြားရာတွင် နိုင်ငံတော်သမ္မတက ငြိမ်းချမ်းရေးဖိတ်ခေါ်ပြီးနောက်ပိုင်း ယနေ့ MNDAA နှင့် တွေ့ဆုံမှုသည် နေပြည်တော်၌ ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ လောက်ကိုင်ဒေသ အထူးဒေသ(၁)ကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ခဲ့ပြီး အပြန်အလှန် ယုံကြည်မှုများရှိခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ်မှစ၍ ပဋိပက္ခများဖြစ်ပွားလာပြီးနောက်ပိုင်းတွင် နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းမည်ဆိုသည့် ဆန္ဒများဖြစ်လာကြကြောင်း၊ နိုင်ငံရေးအရ ဆောင်ရွက်ရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ပီပြင်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရေးအတွက် နည်းလမ်းရှာရမည်ဖြစ်ကြောင်း၊ ကိုးကန့်လူမျိုးများသည် မြန်မာနိုင်ငံ၏ တိုင်းရင်းသားများဖြစ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပေးထားပြီးဖြစ်ကြောင်း၊ MNDAA ၏ ရေရှည်လိုလားချက်အား နိုင်ငံတော်အစိုးရအနေဖြင့် ဖြေရှင်းပေးနိုင်သည်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးပြီး အပြန်အလှန်နားလည်မှု တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ယုံကြည်မှုတည်ဆောက်ရေးအတွက် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် မှီခိုမှုရှိရမည်ဖြစ်ကြောင်း၊ ဒေသမတည်ငြိမ်မှုကြောင့် ဒေသခံပြည်သူလူထုများ နစ်နာဆုံးရှုံးရကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတည်ငြိမ်ရန်လိုပါကြောင်း၊ လတ်တလောတွင် ဆုံးဖြတ်ရန် ခက်သည်များရှိပါက နောင်လာမည့် ဆွေးနွေးပွဲများတွင် ဆက်လက်ဆွေးနွေးပြီး ယုံကြည်မှုတည်ဆောက်ရမည်ဖြစ်ကြောင်း၊ ယုံကြည်မှုတည်ဆောက်ပြီး ဖြေရှင်းနိုင်မည့် နည်းလမ်းအား နှစ်ဖက်အဖြေရှာသွားရန်လိုကြောင်း၊ တစ်ဖက်နှင့် တစ်ဖက် လိုလားချက်များအား ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် နှစ်ဖက်အပြန်အလှန် ယုံကြည်မှုတည်ဆောက်ခြင်းဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသော အမျိုးသားပါတီ (MNTJP/ MNDAA)မှ MNTJP ပေါလစ်ဗျူရို၊ အထွေထွေအတွင်းရေးမှူး(၂)၊ ဆက်ဆံရေးဌာန ဌာနမှူး ဦးဖုန်ဝင်းနိုင်က နေပြည်တော်သို့ ရောက်ရှိပြီး တွေ့ဆုံခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ NSPNC အနေဖြင့် နိုင်ငံတော်ငြိမ်းချမ်းရေးဖော်ဆောင်ရန်နှင့် တွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်စေရန်အတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်မှုများကို အထူးကျေးဇူးတင်ကြောင်း၊ အားလုံးပါဝင်နိုင်သည့် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်မထားသည့်ပုံစံဖြင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်သော လမ်းကြောင်းအား အထူးကြိုဆိုကြောင်း၊ ငြိမ်းချမ်းရေးသည် ပြည်သူလူထုတစ်ရပ်လုံး၏ ဘုံရည်မှန်းချက်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး အေးချမ်းသာယာစွာ နေထိုင်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ကာလကြာရှည် ပဋိပက္ခများကြောင့် ပြည်သူများ အတိဒုက္ခရောက်ရကြောင်း၊ သမိုင်းကို ပြန်ကြည့်ပါက သဘောထားကွဲလွဲမှုနှင့် လက်နက်ကိုင်ပဋိပက္ခများ ပေါက်ဖွားရန်မှာ လွယ်ကူပြီး ငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ဖော်ဆောင်နိုင်ရန် သက်ဆိုင်သူများအားလုံး၏ သဘောထားကြီးမှုသည် အရေးကြီးပါကြောင်း၊ လက်ရှိခက်ခဲစွာရရှိထားသော ငြိမ်းချမ်းရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးကို အလေးထား ထိန်းသိမ်းကာကွယ်ရန် တွေ့ဆုံဆွေးနွေးသော နည်းလမ်းဖြင့် အမြင်ကွဲလွဲမှုများကို ဖြေရှင်းကြရန်၊ အပြန်အလှန် ယုံကြည်မှုများကို တည်ဆောက်မြှင့်တင်ကြရန်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဖော်ဆောင်နိုင်ရေးအတွက် အခွင့်အလမ်းများ ရှာဖွေဖန်တီးရန်လိုကြောင်း၊ တွေ့ဆုံဆွေးနွေးသော နည်းလမ်းဖြင့် လက်ရှိရရှိထားသည့် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းကာကွယ်ပြီး နိုင်ငံရေးဆွေးနွေးပွဲများအတွက် အခွင့်အလမ်းကောင်းများ ဖန်တီးနိုင်မည်ဟု မျှော်လင့်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေးနှင့် တိုင်းရင်းသားတန်းတူညီမျှရေးဟူသော နိုင်ငံရေးရပ်တည်ချက်အပေါ်တွင် ခိုင်မာစွာ ရပ်တည်လျက် တိုင်းရင်းသားအားလုံး တည်ငြိမ်အေးချမ်းစွာ ပူးပေါင်းနေထိုင်နိုင်သော စစ်မှန်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အထူးဒေသတည်ထောင်ရေးကို လျှောက်လှမ်းရန် ကိုင်စွဲထားပါကြောင်း၊ ငြိမ်းချမ်းသောလမ်းစဉ်ဖြင့် ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဖူလုံရေး စသည့်လုပ်ငန်းများကို တတ်စွမ်းသမျှ ကြိုးစားလျက်ရှိပြီး တည်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်ကောင်း ဖော်ဆောင်ရန် အထူးလိုလားပါကြောင်း၊ နှစ်ဖက်ကိုယ်စားလှယ်များ အပြန်အလှန် ဆက်သွယ်မှု၊ အမြင်ချင်းဖလှယ်ခြင်းတို့ကြောင့် ဒေသတွင်းတည်ငြိမ်မှု၊ ယုံကြည်မှုများ ခိုင်မြဲမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကျိုးဖြစ်ထွန်းမည့် စီမံကိန်းများအား အားပေးထောက်ခံကြောင်း၊ ရိုးရင်းစွဲ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းမှတစ်ဆင့် အပြန်အလှန်ယုံကြည်မှုများကို ခိုင်မာစေပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အတူတကွပူးပေါင်းဖော်ဆောင်ရန် ဆန္ဒအပြည့်အဝရှိကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး ပြည်သူလူထုတစ်ရပ်လုံး အတူတကွ အေးချမ်းစွာ နေထိုင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ အားလုံးပါဝင်နိုင်သည့် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်မထားသောနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် ငြိမ်းချမ်းရေးကို ဖန်တီးနိုင်ရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကိစ္စရပ်များ၊ MNDAA ၏ နိုင်ငံရေးတရားဝင်မှုဖြစ်စေရေးနှင့် တိုင်းရင်းသားများ တန်းတူညီမျှရှိရေး၊ နယ်စပ်ဒေသကုန်သွယ်ရေးဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ နယ်စပ်ဒေသကို ဖြတ်သန်းသည့် စီမံကိန်းများဖော်ဆောင်ရေး၊ အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်ဖက်အကြား အပြန်အလှန်ယုံကြည်မှုခိုင်မာစေရေးနှင့် နိုင်ငံရေးပါတီတည်ထောင်ပြီး ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးကိစ္စတို့အား အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် လာရောက်တွေ့ဆုံဆွေးနွေးမှု၊ ဒေသဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များအား ဖော်ဆောင်နိုင်မည့်ကိစ္စ၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များ၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ဦးတည်ပြီး နှစ်ဖက်ယုံကြည်မှုတည်ဆောက်ရေး လုပ်ငန်းစဉ်များမှတစ်ဆင့် နိုင်ငံရေးနည်းလမ်းနှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်နိုင်ရေးကိစ္စနှင့် MNDAA တင်ပြသည့် ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

**မှတ်တမ်းအား လက်မှတ်ရေးထိုး**

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန် ညှိနှိုင်းပြီး မှတ်တမ်းအား လက်မှတ်ရေးထိုး အတည်ပြုကြသည်။

ယင်းနောက် မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသော အမျိုးသားပါတီ (MNTJP/ MNDAA) မှ MNTJP ပေါလစ်ဗျူရို၊ အထွေထွေအတွင်းရေးမှူး(၂)၊ ဆက်ဆံရေးဌာန ဌာနမှူး ဦးဖုန်ဝင်းနိုင်က ကျေးဇူးတင်စကားပြောကြားပြီးအမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❒ ***ရွှေဖုံးမှ***

မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ဇော်ထွန်း ဦးဆောင်သော ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းများသည် ရေနစ်မြုပ်နေသူများအား ရှာဖွေကယ်ဆယ်ခြင်း၊ ရှေးဦးပြုစုကုသမှုများ ဆောင်ရွက်ခြင်း၊ ဆေးကုသမှုခံယူရန် လိုအပ်သူများကို နီးစပ်ရာဆေးရုံသို့ လူနာတင်ယာဉ်များဖြင့် ပို့ဆောင်ခြင်းတို့ကို သရုပ်ပြလေ့ကျင့်ခဲ့ကြပြီး လေ့ကျင့်မှုတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတလူမှုရေးအသင်းနှင့် တာဝန်ရှိသူများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

---

**နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

**နေပြည်တော် စက်တင်ဘာ ၂၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးမည်။

**မိုး/ဇလ**

❖ *ရှေ့ဖုံးမှ*

အစည်းအဝေးတွင် ခရိုင်မြို့များတွင် က.ည.န ရုံးများဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ခြင်းလုပ်ငန်းများစနစ်နှင့်အညီ အကောင်အထည်ဖော်နိုင်ရေး၊ သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ရေးပေးနိုင်ရေး၊ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးနိုင်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သဲနုန်းများတူးဖော်ခြင်းနှင့် တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၅ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ လပွတ္တာမဲဆန္ဒနယ်မှ ဦးဝင်းဆွေ (ခ) ဦးဝင်းရွှေ၏ **ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအား ခရိုင်မြို့များတွင် တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ရုံးအသစ်တစ်ရုံး ဖွင့်လှစ်မည်ဆိုပါက ရုံးဆောက်လုပ်ရန်နှင့် ယာဉ်စစ်ဆေးခြင်းလုပ်ငန်း၊ ယာဉ်မောင်းလိုင်စင်ဖြေဆိုခြင်းလုပ်ငန်းဆောင်ရွက်ရန် အနည်းဆုံး ပေ ၄၀၀'x ၄၀၀' မြေနေရာလိုအပ်ခြင်း၊ ရုံးဖွဲ့စည်းပုံနှင့် ဝန်ထမ်းဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲ၍ ရုံးဖွင့်လှစ်ခွင့်အား တင်ပြတောင်းခံရခြင်း၊ နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းတွင် ရုံးအဆောက်အအုံ၊ ရုံးသုံးပရိဘောဂ၊ ရုံးသုံးစက်ကိရိယာ၊ ယာဉ်စစ်ဆေးရေးစက်ကိရိယာများ၊ ရုံးအသုံးအဆောင်ပစ္စည်းများအတွက် ငွေလုံးငွေရင်းအသုံးစရိတ်များ ကြိုတင်၍ တင်ပြတောင်းခံရခြင်းနှင့် ခန့်ထားရမည့်ဝန်ထမ်းများ၏ လစာစရိတ်များပေးချေရန်အတွက် သာမန်အသုံးစရိတ်များ နှစ်စဉ်တင်ပြတောင်းခံရခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ရုံးအသစ်ဖွင့်လှစ်မည်ဆိုပါက အထက်ပါအချက်အလက်များ ပြည့်စုံအောင်ဆောင်ရွက်ရမည်ဖြစ်ပြီး ရုံးဖွင့်လှစ်နိုင်ခြင်းမရှိသော ဒေသများရှိယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူပြည်သူများ အဆင်ပြေစေရေးအတွက် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများအား နယ်လှည့်ဆောင်ရွက်ပေးလျက်ရှိ၍ လတ်တလောတွင် ခရိုင်မြို့များ၌ ရုံးအသစ်ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ချောင်းဦးမဲဆန္ဒနယ်မှ ဦးထွန်းလွင်၏ **Digital အသွင်ကူးပြောင်းရေးဆောင်ရွက်ရာတွင် ကုန်ကျစရိတ်နှင့် ရလဒ်ကို မည်ကဲ့သို့ စောင့်ကြည့်မှုပြုလုပ်ပြီး ပိုမိုတိုးတက်အောင် လုပ်ဆောင်နေမှုအခြေအနေကို ရှင်းလင်းပြောကြားရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်က ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး (Digital Transfor– mation) လုပ်ငန်းစဉ်များကို စနစ်တကျ လမ်းညွှန်အကောင်အထည်ဖော်ရန်အတွက် အမျိုးသားဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ရေတိုကာလတွင် သိသာထင်ရှားမြင်သာသည့် ငွေကြေးအကျိုးအမြတ်များ Tangible Result များ ရရှိနိုင်မည်မဟုတ်သော်လည်း ရေရှည်ကာလများတွင် အစိုးရ၏ ဒီဂျစ်တယ်ဝန်ဆောင်မှုများဖြင့် ပြည်သူလူထုတစ်ရပ်လုံး၏ နေ့စဉ်လူမှုစီးပွားဘဝများတွင် သိသာထင်ရှားသည့် ရလဒ်များ၊ လူနေမှုနှင့် လူမှုစီးပွားကိစ္စရပ်များတွင် တိုးတက်မှုများ ရရှိလာမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ပြည်သူအပေါ် အကျိုးပြုသည့် ရလဒ်ကောင်းများ ရရှိနိုင်ရေးအတွက် စနစ်တကျစောင့်ကြည့်အကဲဖြတ်ခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်ညွှန်းကိန်းများ သတ်မှတ်တိုင်းတာခြင်းတို့ကို ပန်းတိုင်ရည်မှန်းချက်များချမှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးညဏ်ဝင်းထိုက်၏ **ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်မှုအား စနစ်နှင့်အညီ အကောင်အထည်ဖော်နိုင်ရေး မည်သို့ဆောင်ရွက်မည်နှင့် ဆက်လက်ဆောင်ရွက်နေသည်ကို ပြည်သူသိရှိနိုင်ရေး အသိပညာပေးရန် အစီအစဉ်ရှိမရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်မျိုးသန့်က ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် အသက် ၁၈ နှစ်မှ အသက် ၃၅ နှစ်အထိသတ်မှတ်ချက်များနှင့် အကျုံးဝင်သူ အမျိုးသားများကိုသာ ဆင့်ခေါ်လျက်ရှိပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ကောက်ယူသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းဆောင်ရန် အသက်အရွယ်အရ အကျုံးဝင်သူ အမျိုးသားဦးရေ ၆ ဒသမ ၂ သန်း ဝန်းကျင်ခန့် ရှိပါကြောင်း။

သို့သော်လည်း ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်ရာတွင် နယ်မြေ/ဒေသအားလုံးမှ ပြည်သူ့စစ်မှုထမ်းရန် သတ်မှတ်ချက်နှင့်အကျုံးဝင်၊ ကိုက်ညီသူအားလုံးကို တစ်ပြိုင်တည်း၊ အင်အားတစ်ပြေးညီ သတ်မှတ်ခေါ်ယူစေခြင်းမျိုးမဟုတ်ဘဲ သက်ဆိုင်ရာနယ်မြေဒေသ/မြို့နယ်အလိုက် အကျုံးဝင်လူဦးရေ၊ လူဦးရေအစိပ်အကျဲ၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုအခြေအနေ၊ လမ်းပန်းဆက်သွယ်မှုအခြေအနေစသည်တို့ကို အသေးစိတ် အခြေခံတွက်ချက်ပြီး အချိုးကျ သတ်မှတ်ဆင့်ခေါ်စေခဲ့ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆောင်ရန် အကျုံးဝင်သည့် အမျိုးသားတိုင်း နိုင်ငံတော်ကာကွယ်ရေး အတတ်ပညာသင်ကြားတတ်မြောက်စေရန်နှင့် လက်ရှိနိုင်ငံတော်လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးကိစ္စရပ်များ ပိုမိုဆောင်ရွက်နိုင်ရန်အလို့ငှာ သင်တန်းကျောင်းများက လစဉ်လက်ခံလေ့ကျင့်သင်ကြားပေးနိုင်သည့်အင်အားကို ထည့်သွင်းတွက်ချက်ကာ စနစ်တကျ ဆင့်ခေါ်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေအပါအဝင် ဆင့်ခေါ်ရေးလုပ်ငန်းစဉ်များအား အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရေးအတွက် လက်ကမ်းစာစောင်များရိုက်နှိပ်ပြီး ရပ်ကွက်/ ကျေးရွာများအတွင်း ဖြန့်ဝေအသိပေးလျက်ရှိပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး အများပြည်သူသိရှိလိုသည်များကို မေးမြန်းနိုင်ရန်နှင့် ဥပဒေနှင့်မညီသည့် ဆောင်ရွက်နေမှုများရှိပါက သတင်းပေးပို့တိုင်ကြားနိုင်ရေး ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကိုလည်း အသိပေးကြေညာထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညိုမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်၏ **သစ်တောသစ်ပင်စိမ်းလန်းစိုပြည်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးမူဝါဒများချမှတ်ပြီး မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်ဦးက သစ်တောဖုံးလွှမ်းမှုတိုးတက်လာစေရေး၊ သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးစေရေး၊ မိုးခေါင်ရေရှားမှုနှင့် အပူဒဏ်ကာကွယ်ရေး၊ ပင်လယ်ကမ်းရိုးတန်းဒေသများ မုန်တိုင်းအန္တရာယ်မှ ကာကွယ်ရေးနှင့် ရေကြီးရေလျှံခြင်းတို့ တားဆီးကာကွယ်နိုင်ရေး၊ ဂေဟစနစ်ဝန်ဆောင်မှုများ တိုးပွားလာစေရေးတို့အတွက် သစ်တောကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ ဖွဲ့စည်းသတ်မှတ်ခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် သစ်တောပျက်စီးပြုန်းတီးသွားသည့်နေရာများ၊ တောနိမ့်တောပါးများ၊ ရေဝေရေလဲဒေသများတွင် သစ်တောစိုက်ခင်းအမျိုးမျိုး တည်ထောင်စိုက်ပျိုးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့ကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းကို ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆ –၂၀၂၇ ဘဏ္ဍာရေးနှစ်အထိ စနစ်တကျ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ သစ်တောသစ်ပင်စိမ်းလန်းစိုပြည်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ပေးရန် မူဝါဒများချမှတ်ပြီး တစ်ပြိုင်တည်းလုပ်ဆောင်ရန်နှင့် ပတ်သက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် မူဝါဒရည်မှန်းချက်များနှင့်အညီ ကာလတို၊ ကာလရှည် စီမံကိန်းများချမှတ်ပြီး သဘာဝတောများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တောစိုက်ခင်းအမျိုးမျိုး တည်ထောင်ခြင်းနှင့် ပြည်သူများ ပူးပေါင်းပါဝင်သည့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု အစီအစဉ်များ အကောင်အထည်ဖော်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

စလင်းမဲဆန္ဒနယ်မှ ဦးဇော်နိုင်၏ **စလင်းမြို့နယ် အ.ထ.က(ခွဲ)၊ တ/ရုံးပင်ကန်ကျောင်းတွင် နှစ်ထပ်ကျောင်းဆောင်သစ်ကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် တ/ရုံးပင်ကန်–အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် တန်းခွဲအရ လိုအပ်သည့် စာသင်ခန်း၊ စာကြည့်တိုက်၊ မီဒီယာခန်း၊ အစည်းအဝေးခန်းများအတွက် အဆိုပါကျောင်းရှိအန္တရာယ်ဆောင်ဖြစ်သော ရတနာဆောင် ပေ ၁၀၀ x ၃၀ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင်အား ဖျက်သိမ်း၍ ပေ ၁၄၀ x ၃၀ RCC နှစ်ထပ်ဆောက်လုပ်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်း၏ **ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ သပေါ့ကန်ကျေးရွာ အ.ထ.က ကျောင်းအား RC နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် သပေါ့ကန်–အခြေခံပညာအထက်တန်းကျောင်းတွင် ပေ ၁၂၀ x ၃၀ အုတ်ညှပ် တစ်ထပ်ကျောင်းဆောင်သည် အန္တရာယ်ရှိဆောင် ဖြစ်ခြင်း၊ ယာယီဆောင်ဖြင့် ပညာသင်ကြားနေရခြင်းတို့ကြောင့် လိုအပ်သော စာသင်ခန်းခြောက်ခန်းစာအတွက် အဆိုပါအန္တရာယ်ရှိဆောင် ပေ ၁၂၀ x ၃၀ အုတ်ညှပ် တစ်ထပ်ကျောင်းဆောင်အား ဖျက်သိမ်း၍ ပေ ၁၁၀ x ၃၀ RC နှစ်ထပ်ဆောက်လုပ်ရန် လာမည့်ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **ကျောင်းကုန်းမြို့နယ် ဝက်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဝက်ချောင်း–အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ယာယီဆောင်ဖြင့် ပညာသင်ကြားနေရခြင်း၊ ယခု ၂၀၂၆–၂၀၂၇ ပညာသင်နှစ်တွင် Grade 10 ကျောင်းသားမရှိသော်လည်း လာမည့်ပညာသင်နှစ်တွင် ကျောင်းသားရှိလာပါက စာသင်ခန်းလိုအပ်နိုင်သောကြောင့် အထက်တန်းဆင့်အတွက် စာသင်ခန်း နှစ်ခန်းစာ ပေ ၆၀ x ၃၀ RCC တစ်ထပ် ဆောက်လုပ်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြဝတီမဲဆန္ဒနယ်မှ ဦးခင်မောင်ချင်း၏ **မြဝတီမြို့နယ်ရှိ ပင်မဓာတ်အားခွဲရုံအား ပြုပြင်တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ မရှိ၊ မရှိပါက အဘယ်ကြောင့်နှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က မြဝတီမြို့၊ ကော့ကရိတ်မြို့၊ ကြာအင်းဆိပ်ကြီးနှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အားဖြန့်ဖြူးထားသော ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ မြဝတီဓာတ်အားခွဲရုံသည် အကြမ်းဖက်အဖွဲ့အစည်း၏ နှစ်ကြိမ်ဖျက်ဆီးခံခဲ့ရပြီး ပျက်စီးမှုများအား ဝန်ကြီးဌာနအစီအစဉ်ဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်၍ ဓာတ်အားပို့လွှတ်ခဲ့ပါကြောင်း၊ သို့သော် တတိယအကြိမ် ဖျက်ဆီးခံရမှုတွင် ၂၃၀ ကေဗွီ မြဝတီပင်မဓာတ်အားခွဲရုံ ဓာတ်အားပြတ်တောက်မှုဖြစ်စဉ်နှင့်အတူ ၂၃၀ ကေဗွီ မော်လမြိုင်– မြဝတီ (၁၊၂) မဟာဓာတ်အားလိုင်းသည်လည်း ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ မြဝတီပင်မဓာတ်အားခွဲရုံ ပြန်လည်တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်၍ ၂၃၀ကေဗွီ မော်လမြိုင် – မြဝတီ (၁၊၂) မဟာဓာတ်အားလိုင်း ဓာတ်အားစနစ်ဖြင့် ပြန်လည်ချိတ်ဆက်ဓာတ်အားပို့လွှတ်နိုင်ချိန်မှသာ မြဝတီမြို့နယ်အတွင်းသို့ ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် ၆၆/၁၁ ကေဗွီ၊ (၂၀+၁၀) အမ်ဗွီအေ မြဝတီဓာတ်အားခွဲရုံမှ မြဝတီမြို့နယ်အတွင်း ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၁၁ ကေဗွီဓာတ်အားလိုင်းများ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာများအား လိုအပ်သည့် ထိန်းသိမ်းပြုပြင်စစ်ဆေးခြင်းများကို ကြိုတင်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **မလှိုင်မြို့နယ် ရွှေစုခင်နှင့် သဘွတ်ကုန်းရွာတို့တွင် လျှပ်စစ်မီးမရရှိသေးသဖြင့် လိုင်းများသွယ်တန်းပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က မိတ္ထီလာခရိုင် မလှိုင်မြို့နယ် သဘွတ်ကုန်းကျေးရွာအုပ်စု ရွှေစုခင်ကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအနေဖြင့် ရွှေစုခင်ကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၀ ဒသမ ၉ မိုင်၊ သဘွတ်ကုန်း(တောင်)ကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၀ ဒသမ ၈ မိုင်၊ သဘွတ်ကုန်း(မြောက်) ကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၂ မိုင် တို့ တိုးချဲ့တည်ဆောက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မလှိုင်မြို့နယ် သဘွတ်ကုန်းကျေးရွာအုပ်စု ရွှေစုခင်ကျေးရွာ သဘွတ်ကုန်း (တောင်ရွာ) နှင့် သဘွတ်ကုန်း(မြောက်ရွာ)တို့တွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် လိုအပ်သော ၄၀၀ ဗို့ ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လယ်ဝေးမဲဆန္ဒနယ်မှ ဦးဝင်းငွေး၏ **လယ်ဝေးမြို့နယ် အေလာနှင့် သာဝတ္ထိနယ်မြေအတွင်းမှ ရွာများအား ၄၀၀ ဗို့ ဓာတ်အားလိုင်းများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က လယ်ဝေးမြို့နယ် အေလာနယ်မြေအတွင်းရှိ ကျေးရွာ ၁၃ ရွာတွင် တည်ဆောက်ရန် လိုအပ်လျက်ရှိသည့် ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် *စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*
၁၁/၀ ဒသမ ၄ ကေဗွီထရန်စဖော်မာတည်ဆောက်ခြင်းလုပ်ငန်းများအား နေပြည်တော်ကောင်စီ ရန်ပုံငွေဖြင့်လည်းကောင်း၊ ၄၀၀ ဗို့ ခေတ်အားလိုင်းများအား လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့်လည်းကောင်း ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ရန်ပုံငွေခွဲဝေရရှိမှု အပေါ်မူတည်၍ နှစ်အလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သာဝတ္ထိနယ်မြေအတွင်းရှိကျေးရွာ ၂၉ ရွာအနက် အောင်သာယာ၊ ကြာကန်၊ ဗောဓိကုန်း၊ အောင်ချမ်းသာ၊ ဟေမာန်၊ အောင်မင်္ဂလာ၊ အောင်စည်လာ၊ တဲကြီးကုန်း၊ တဲကြီးကုန်း (ရွာသစ်)နှင့် အောင်နန်းချို ကျေးရွာ ၁၀ ရွာတွင် ၁၁ ကေဗွီလိုင်း ၁၀ ဒသမ ၃ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၁၁ လုံးနှင့် ၄၀၀ ဗို့လိုင်း ၁၃ ဒသမ ၅ မိုင်တို့အား နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၁၈-၂၀၁၉ နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်များတွင် တည်ဆောက်သွယ်တန်းထားပြီးဖြစ်ပါကြောင်း။

သာဝတ္ထိနယ်မြေအတွင်း ကျန်ရှိနေသော ကျေးရွာ ၁၀ ရွာတွင် ၁၁ ကေဗွီလိုင်း ၁၄ မိုင်နှင့် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာ ၁၀ လုံးတို့ကို နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၁၈-၂၀၁၉ နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်များတွင် တည်ဆောက်သွယ်တန်းပြီးဖြစ်သော်လည်း ကျေးရွာများအတွင်း ၄၀၀ ဗို့ခေတ်အားလိုင်း ၈ ဒသမ ၅ မိုင်ခန့် တည်ဆောက်ရန် ကျန်ရှိနေပါကြောင်း၊ ထို့ပြင် မြိုင်သာယာ၊ ပိန်းချောင်း၊ ဗောဓိပင်၊ ရွှေမြင့်မိုရ်၊ ဇီးကုန်း၊ လသာ(ပေါက်မြိုင်)နှင့် ကြို့တန်း(တဲတန်း) ကျေးရွာခုနစ်ရွာတွင် ၁၁ ကေဗွီလိုင်း ၈ ဒသမ ၆ မိုင်ခန့်၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ခုနစ်လုံးနှင့် ၄၀၀ ဗို့လိုင်း ၃ ဒသမ ၅ မိုင်ခန့် တည်ဆောက်ရန် လိုအပ်လျက်ရှိပါသဖြင့် အဆိုပါကျေးရွာ ၁၇ ရွာတွင် တည်ဆောက်ရန် ကျန်ရှိနေသည့် ၁၁ ကေဗွီ ခေတ်အားလိုင်းနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ တည်ဆောက်ခြင်းလုပ်ငန်းများအား နေပြည်တော်ကောင်စီ ရန်ပုံငွေဖြင့်လည်းကောင်း၊ ၄၀၀ ဗို့ခေတ်အားလိုင်းများအား လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့်လည်းကောင်း ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်လျာထား၍ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ နှစ်အလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သာဝတ္ထိနယ်မြေအတွင်း တောင်ပေါ်ဒေသတွင် တည်ရှိသော ဇလီနှင့် လသာ (၄က်ကြီးတောင်) ကျေးရွာနှစ်ရွာတွင် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပြီး လုံခြုံရေးအခြေအနေအရမြေပြင်ကွင်းဆင်းနိုင်မှုမရှိခြင်းနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဆက်သွယ်စိစစ်ချက်အရ ပြည်သူပူးပေါင်းပါဝင်ရမည့် ငွေပမာဏကိုလည်း ထည့်ဝင်နိုင်မှုမရှိခြင်းတို့ကြောင့် လောလောဆယ်ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပေါင်မဲဆန္ဒနယ်မှ ဦးဗိုလ်ဝင်း၏ **ပေါင်မြို့နယ် အလှပ်ကျေးရွာ ပင်လယ်ကမ်းခြေ ပတ်တာ ကျောက်စီတာတမံတွင် ကျန်ရှိနေသော ပေ ၁၀၅၀ ကို ကွန်ကရစ်တာတမံအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် က ပေါင်မြို့နယ် အလှပ်ကျေးရွာရှိ ဒေသမှ ထိန်းသိမ်းထားသော အလှပ်ရေငန်တား တာပေါင်ကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည့် ပေတိုင် ၃၈၀၀ မှ ၅၀၀၀ အထိ အလျားပေ ၁၂၀၀ အပိုင်းမှ တာပေါင် အလျားပေ ၁၅၀ကို ဆောင်ရွက်နိုင်ရန် ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ ပြည်နယ်ရန်ပုံငွေခွဲဝေရရှိပြီးဖြစ်၍ မိုးရာသီအကုန် ပွင့်လင်းရာသီတွင် လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆက်လက်၍ တာပေါင် အလျားပေ ၃၀၀ ကို ထပ်မံဆောင်ရွက်ရန်အတွက် ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံထားပြီး ဖြစ်ပါကြောင်း၊ ထပ်မံဆောင်ရွက်ရန် ကျန်ရှိသည့် အပိုင်း ပေ ၇၅၀ အနက် တာပေါင် အလျား ပေ ၃၇၀ ကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ကျန်ရှိသည့်အပိုင်းများကိုလည်း ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဟသ်ာတမဲဆန္ဒနယ်မှ ဦးငွေဝင်း၏ **ဟသ်ာတမြို့ သပြုဆိပ် အုတ်သျှစ်ကုန်းနှင့် ဝဲကြီးကျေးရွာများရှိ တာပေါင်များအား ခိုင်ခံ့အောင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ဟသ်ာတမြို့နယ် သပြုဆိပ်လယ်သမားတာနှင့် ဝဲကြီးလယ်သမားတာများသည် တောင်သူများ၏ အစီအစဉ်ဖြင့် တည်ဆောက်ထားပြီး တောင်သူများကိုယ်တိုင် ပြုပြင်ထိန်းသိမ်းလျက်ရှိကာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူထိန်းသိမ်းထားခြင်းမရှိပါကြောင်း၊ အဆိုပါ လယ်သမားတာများသည် မိုးရာသီ ငဝန်မြစ်ရေမြင့်ချိန်တွင် ငဝန်မြစ်ရေ ခေတ္တခိုအောင်းရာ ဧရိယာအား လျော့နည်းစေသဖြင့် ငဝန်မြစ်အတွင်း ရေမျက်နှာပြင်ကို ပိုမိုမြင့်တက်စေပြီး ငဝန်ရေဘေးကာကွယ်ရေးတာ၏ လုံခြုံစိတ်ချရမှုကို ထိခိုက်စေနိုင်ပါကြောင်း။

တောင်သူများ၏ လက်ရှိ အကျိုးစီးပွားမထိခိုက်စေရေးအတွက် ကာကွယ်ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ငဝန်မြစ်ရေဘေးကာကွယ်ရေးတာ၏ ကြံ့ခိုင်မှုနှင့် လုံခြုံစိတ်ချရမှုကို မထိခိုက်စေရန်လည်းကောင်း အဘက်ဘက်မှ ချိန်ဆပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ စီမံဆောင်ရွက်ပေးသွားရမည့် လုပ်ငန်းများဖြစ်ပါကြောင်းနှင့် ကမ်းပြိုကာကွယ်ခြင်းလုပ်ငန်းအပါအဝင် တာဝိုင်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အနီးစပ်ဆုံးဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျခံဆောင်ရွက်ပေးနိုင်ရန် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းကံ၏ **မိုင်းရှူးမြို့နယ် နမ့်အွန်ချောင်းပေါ်ရှိ ဖိုင်အွန်ဆည်ကို သစ်ရိုက်ကျောက်ဖြည့်ဆည်အဖြစ် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က မိုင်းစံမြို့ရှိ ဖိုင်အွန်ဆည်သည် ရေကြီးမှုကြောင့် တိုက်စားပျက်စီးသွားသဖြင့် မူလလက်ရှိက်ဆည်၏ အောက်ဘက် ပေ ၅၀၀ ခန့်အကွာ ချောင်းကျဉ်းသည့်နေရာတွင် အလျား ပေ ၂၀၀၊ အမြင့် ခြောက်ပေဖြင့် သစ်ရိုက်ကျောက်ဖြည့်ဆည်အသစ် တည်ဆောက်ခြင်းနှင့် အလျား ပေ ၅၀၀ ရှိသည့် ရေပေးမြောင်းအသစ် တူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေတွင် လျာထားတင်ပြ တောင်းခံထားပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွဲဝေရရှိမှု အခြေအနေပေါ်မူတည်၍ လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးသန့်ဇော်၏ **ကွမ်းခြံကုန်းမြို့နယ် ဆိပ်ကြီးကျေးရွာအုပ်စုရှိ ဗီမခိုင်ရိုးဟောင်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြန်လည်တူးဖော်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကွမ်းခြံကုန်းမြို့နယ် ဗီမခိုင်ရိုးချောင်းကို မူလအနက်ရရှိစေရန်အတွက်ပြန်လည်တူးဖော်ပါက မိုးစပါးရာသီ ကွင်းရေနစ်မြုပ် ခြင်းမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည့်အပြင် နွေသီးနှံအောင်ရေလုံလောက်စွာ သွင်းယူစိုက်ပျိုးနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကွမ်းခြံကုန်းမြို့နယ် တောကြီးတန်းတိုက်နယ် ဆိပ်ကြီးကျေးရွာအုပ်စုရှိ ဗီမခိုင်ရိုးချောင်းအား ပြန်လည်တူးဖော်ပေးနိုင်ရန်အတွက် ခန့်မှန်းဆောင်ရွက်ရမည့်လုပ်ငန်းပမာဏနှင့် လိုအပ်သောရန်ပုံငွေကို နီးစပ်ရာဘဏ္ဍာနှစ်ဖြစ်သော ၂၀၂၇-၂၀၂၈ တိုင်းဒေသကြီးရန်ပုံငွေတွင် တင်ပြတောင်းခံထားဆဲဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိသည့် အချိန်နှင့်ကိုက်ညီ၍ မြေပြင်တိုင်းတာမှုလုပ်ငန်းများကို ထပ်မံစိစစ်၍ ရိုးချောင်းပြန်လည်တူးဖော်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တနိုင်းမဲဆန္ဒနယ်မှ ဦးမြင့်ကို၏ **တနိုင်းမြို့နယ် ကိုင်ထောင်ချောင်းတစ်လျှောက် သဲနုန်းများတူးဖော်ခြင်း၊ တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် က တနိုင်းမြို့ပေါ်တွင်ဖြတ်သန်းစီးဆင်းနေသော ကိုင်ထောင်ချောင်း၏ တနိုင်း-မြစ်ကြီးနားလမ်းအောက်ပိုင်း အလျား ၉၅၃၃ ပေ သဲနုန်းတူးဖော်ခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ချောင်းရှင်းလင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးဖြစ်ပါသဖြင့် ယခုအခါ ရေစီးရေလာကောင်းမွန်နေပြီဖြစ်ပါကြောင်း၊ တနိုင်း-မြစ်ကြီးနားလမ်း၏ အထက်ပိုင်းရှိ ကိုင်ထောင်ချောင်းတစ်လျှောက်တွင် လက်ရှိတွင် ရေစီးရေလာကောင်းမွန်လျက်ရှိပြီး သဲနုန်းတူးဖော်ရှင်းလင်းဆောင်ရွက်ရန် မလိုအပ်ပါကြောင်း။

ကိုင်ထောင်ချောင်းတစ်လျှောက် ဘေးဝဲ/ယာတွင် ကျောက်စီမြေထိန်းနံရံဖြင့် တာပေါင်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်ရန်နှင့်ပတ်သက်၍ တနိုင်းမြို့နယ်ရပ်ကွက်များ ရေကြီးရေလျှံမှုမှ လျော့ပါးသက်သာစေရေးအတွက် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် လိုအပ်သည့် စိစစ်လေ့လာတိုင်းတာမှုများ ဆောင်ရွက်ပြီး မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့် အပိုင်းများကို ဦးစားပေးသတ်မှတ်ကာ နီးစပ်ရာ ဘဏ္ဍာနှစ်မှစတင်၍ ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေလျာထားတင်ပြပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေက **“ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအား ရိုးရာလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ အောင်မြင်စွာ ကူးပြောင်းနိုင်ရေးအတွက် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတစ်ရပ်ကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်း၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို တင်သွင်းရာ နန်းယွန်းမဲဆန္ဒနယ်မှ ဦးယောအေးလု က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေးစတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးပဉ္စမနေ့ကို စက်တင်ဘာ ၂၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

*ရှေ့ဖုံးမှ*
ထို့အတူ ချင်းပြည်နယ် တီးတိန်ခရိုင် တွန်းဇံမြို့တွင်လည်း ဆက်သွယ်ရေးကွန်ရက်သုံး MPT ဖုန်းလိုင်းများပြန်လည်ရရှိရေး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)မှ ဝန်ထမ်းများက စက်ပစ္စည်းများ တပ်ဆင်တည်ဆောက်ခြင်းကို ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် စက်တင်ဘာ ၂၃ ရက်မှစ၍ MPT ဖုန်းလိုင်းများ ပြန်လည်အသုံးပြု ဆက်သွယ်နိုင်ပြီဖြစ်ကြောင်း သိရသည်။



ထိုသို့ ဆက်သွယ်ရေးကွန်ရက်များ ပြန်လည်အသုံးပြုနိုင်ရေးအတွက် လိုအပ်သည့် ဆက်သွယ်ရေးစက်ပစ္စည်းများကို ရန်ကုန်မြို့မှ ဖလမ်းမြို့နှင့် တွန်းဇံမြို့များသို့ လေယာဉ်၊ မော်တော်ယာဉ်တို့ဖြင့် အဆင့်ဆင့်သယ်ယူပို့ဆောင်ခဲ့ပြီးနောက် တွန်းဇံမြို့၌ စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ MPT ဆက်သွယ်ရေးကွန်ရက်လိုင်းများ ပြန်လည်ရရှိပြီဖြစ်သဖြင့် ဒေသခံ တွန်းဇံမြို့သူမြို့သားများ အဆင်ပြေစွာ ဆက်သွယ်ပြောဆိုနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ချမ်းမြသာစည်မြို့နယ်အနီး အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် စက်တင်ဘာ ၂၄**

စက်တင်ဘာ ၂၄ ရက် မြန်မာစံတော်ချိန် ၁၇ နာရီ၊ ၄၈ မိနစ်၊ ၃၆ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ခြောက်မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ချမ်းမြသာစည်မြို့နယ်၏ အရှေ့-အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၉၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၅ ဒီဂရီ၊ အနက် ၁၂ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၁ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

*ရှေ့ဖုံးမှ*
အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာ ၁၀ ရွာမှ လူဦးရေ ၃၈၃၈ ဦးတို့၏ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသထွက်ကုန်သီးနှံများ ရောင်းဝယ်ဖောက်ကား သယ်ယူပို့ဆောင်ရာတွင် ယခင်ကထက် ပိုမိုချောမွေ့လွယ်ကူလာမည်ဖြစ်သဖြင့် ဒေသတွင်းလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုလျက်ရှိသည်။ **သတင်းစဉ်**

၂၀၂၆ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ပြိုင်ပွဲဝင်ဆောင်းပါး

# ခရီးသွားကဏ္ဍဆန်းသစ်ဖို့ ဒီဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာသုံးကြစို့

လှဲ့ယှဲ့ထော(ရာမညမြေ)

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့အကြီးဆုံးဝန်ဆောင်မှုလုပ်ငန်းများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်သည့် စီးပွားရေးလုပ်ငန်းဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် လူတစ်ဦးချင်း စိတ်ပျော်ရွှင်လန်းဆန်းစေပြီး ဒေသန္တရဗဟုသုတရရှိစေသည့် လုပ်ငန်းသဘောသာမကဘဲ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ခြင်းမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အပြည်ပြည်ဆိုင်ရာနားလည်မှုရရှိစေမှု၊ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် လူ့အခွင့်အရေးကို လေးစားစေမှု၊ လူမျိုးရေးခွဲခြားမှုကင်းသည့် အခြေခံလွတ်လပ်ခွင့်ရရှိစေမှု၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်နှင့် တန်းတူအခွင့်အရေးရရှိမှုတို့ကို ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး ၁၉၇၅ ခုနှစ်တွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO)ကို စတင်ဖွဲ့စည်းခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၀၊ တွဲဖက်အဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအဖွဲ့အစည်း ၅၀၀ ကျော်ပါဝင်ပြီး ၂၀၂၄ ခုနှစ်မှစတင်၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ကို ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ခရီးသွားလုပ်ငန်း၏ အရေးပါမှုနှင့် ခရီးသွားလုပ်ငန်းမှတစ်ဆင့် ဆက်စပ်ရရှိနိုင်သည့် လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများ စသည်တို့ကို ပြည်သူများ ပိုမိုသိရှိနားလည်နိုင်စေရန် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ကမ္ဘာတစ်ဝန်းလုံးရှိ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံများတွင် ပြုလုပ်လျက်ရှိသည်။ ယခုနှစ်ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို “(Digital Agenda and Artificial Intelligence to Redesign Tourism)” “ခရီးသွားကဏ္ဍဆန်းသစ်ဖို့ ဒီဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာသုံးကြစို့” ဆောင်ပုဒ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းဆိုသည်မှာ လူတစ်ဦးသည် နေထိုင်ရာအရပ်ဒေသမှ အခြားအရပ်ဒေသသို့ အလည်အပတ်ဖြစ်စေ၊ အခြားရည်ရွယ်ချက်ဖြင့်ဖြစ်စေ တစ်ရက်ထက်မနည်း၊ တစ်နှစ်ထက်မကျော်သော အချိန်ကာလအတွင်း သွားလာခြင်းကိုခေါ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ထိုသို့သွားရောက်ရာတွင် ခရီးသွားဧည့်သည်တို့က သယ်ယူပို့ဆောင်ရေး၊ တည်းခိုနေထိုင်ရေး စသည့် ဝန်ဆောင်မှုများကို အသုံးပြုမှသာ ခရီးသွားခြင်းဟုလည်း သုတေသီတို့က ဆိုကြသည်။ ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုခြင်း၊ နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ လူထုလူတန်းစားအသီးသီးထံသို့ ဝင်ငွေများ တိုက်ရိုက်နှင့် သွယ်ဝိုက်သော နည်းလမ်းများဖြင့် စီးဝင်စေခြင်း စသည့် အကျိုးကျေးဇူးများစွာရရှိစေနိုင်သည့် မီးခိုးမထွက်သည့် စက်ရုံ (Smokeless Industry) ဖြစ်သည်ဟုလည်း ဆိုသည်။

ထို့ကြောင့် နိုင်ငံအသီးသီးရှိ အစိုးရများ၊ လုပ်ငန်းရှင်များက ခရီးသွားလုပ်ငန်းဖြင့် စီးပွားရှာဖွေရန် ကြိုးပမ်းမြှင့်တင်ဆောင်ရွက်လျက်ရှိကြသည်။ ၎င်းတို့နိုင်ငံများအလိုက် ရှိနေကြသည့် ခရီးသွားဆွဲဆောင်မှုများကို ကမ္ဘာ့အရပ်ရပ်ရှိ ခရီးသွားဧည့်သည်များ သိရှိနိုင်ကြစေရန် မီဒီယာနည်းလမ်းအမျိုးမျိုးဖြင့် ကြော်ငြာမြှင့်တင်ဆောင်ရွက်ကြသည်။ ခရီးသွားလုပ်ငန်းအမျိုးမျိုးတို့အတွက် အရင်းအမြစ်များ ကြွယ်ဝစွာ ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်ကာ ခရီးသွားလုပ်ငန်း ပိုမိုတွင်ကျယ်စွာ မြှင့်တင်ရေးကို ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အတွက် ဝင်ငွေရရှိရေး ဆောင်ရွက်လျက်ရှိသည့် ကဏ္ဍများတွင် ခရီးသွားလုပ်ငန်းသည်လည်း တစ်ခုပါဝင်သည်။ နိုင်ငံတိုင်းက မိမိနိုင်ငံသို့ ခရီးသွားဧည့်သည်များ လာရောက်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် စိတ်ဝင်စားဖွယ်ဖြစ်အောင် ဆောင်ရွက်ကြသည်။ တချို့သောနိုင်ငံများမှာ သဘာဝရေမြေတောတောင်အလှအပများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ များပြားစွာရှိသည်မဟုတ်သော်လည်း ခရီးသွားလုပ်ငန်းတွင် ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်မှုကြောင့် ခရီးသွားအဝင်အထွက် များပြားလျက်ရှိသည်။

ထိုသို့ဆွဲဆောင်မှုများတွင် ရိုးရာအစားအစာများ ကောင်းမွန်စွာ ဖန်တီးချက်ပြုတ်နိုင်ခြင်းလည်း ပါဝင်သည်။ မြန်မာ့ရိုးရာ အစားအစာပြိုင်ပွဲနှင့်ပြပွဲ-၂၀၂၆ ကို ဇူလိုင်လ ၂၅ ရက်က ရန်ကုန်ကွန်ဗင်းရှင်းစင်တာ၌ နှစ်ရက်ကြာကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားတွင် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီ Fine Dining အသွင်ဖြင့် တင်ဆက်ယှဉ်ပြိုင်ခြင်း၊ ဒေသအသီးသီးမှ ရိုးရာအစားအစာများကို ပြသခြင်း၊ ရောင်းချခြင်း၊ အတွေ့အကြုံများ ဖလှယ်ခြင်းတို့ကို တစ်နေရာတည်းတွင် လေ့လာကြည့်ရှုဝယ်ယူနိုင်စေရန် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲဝင် အဖွဲ့ခုနစ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြကာ ပြခန်းပေါင်း ၁၂၀ ကျော်ပြသရောင်းချခဲ့သည်။ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းသည် အလျင်အမြန် တိုးတက်လာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံများသည်လည်း မိမိတို့နိုင်ငံများ၏ ပုံရိပ်မြှင့်တင်ရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရိုးရာအစားအစာများကို ထိရောက်စွာ ဖော်ထုတ်မြှင့်တင်ဆောင်ရွက်နေကြပြီဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံနှင့်ယှဉ်တွဲပြီး သိစေနိုင်သည့် အစားအစာများကို ဖော်ထုတ်ရမည်ဖြစ်သည်။ မြန်မာ့အစားအစာများဖြစ်သည့် မြန်မာ့လက်ဖက်၊ ထမနဲ စသည်များကို ကမ္ဘာကသိရှိပြီး UNESCO က အသိအမှတ်ပြုခံရသည့် ဒြပ်ရှိယဉ်ကျေးမှု အမွေအနှစ်ဖြစ်အောင် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ယနေ့ခေတ်ကမ္ဘာကြီးသည် နည်းပညာအရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်နေပြီး အဆိုပါပြောင်းလဲမှုများသည် လူသားတို့၏ နေ့စဉ်လူမှုဘဝပုံစံများသာမက စီးပွားရေးကဏ္ဍအသီးသီးကိုပါ လွှမ်းမိုးလျက်ရှိသည်။ ထိုကဏ္ဍများအနက် ကမ္ဘာ့စီးပွားရေး၏ အဓိကမောင်းနှင်အားတစ်ခုဖြစ်သော ခရီးသွားလုပ်ငန်း (Tourism Sector) သည်လည်း နည်းပညာနှင့်ကင်းကွာ၍မရသော အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။ ဒီဂျစ်တယ်နည်းပညာနှင့် ဉာဏ်ရည်တု (AI) တို့သည် ခရီးသွားလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဆန်းသစ်တီထွင်ပေးနိုင်သည့် အစွမ်းထက်သော အချက်များဖြစ်သည်။

ယခင်က ခရီးသွားတစ်ဦးသည် ခရီးစဉ်တစ်ခုအတွက် သတင်းအချက်အလက်ရှာဖွေရန်၊ လေယာဉ်လက်မှတ်နှင့် ဟိုတယ်များ ကြိုတင်ဘွတ်ကင်လုပ်ရန်အချိန်နှင့် လုပ်ငန်းစဉ်များစွာ လိုအပ်ခဲ့သော်လည်း ယနေ့ခေတ်တွင်မူ စမတ်ဖုန်းတစ်လုံးရှိရုံဖြင့် ကလစ်အနည်းငယ်နှိပ်ကာ အားလုံးကို မိနစ်ပိုင်းအတွင်း လုပ်ဆောင်နိုင်ပြီဖြစ်သည်။ ခရီးသွားလုပ်ငန်းရှင်များအတွက်လည်း ဒီဂျစ်တယ်စနစ်ကို ကူးပြောင်းခြင်းဖြင့် ဒေတာအချက်အလက်များကို စနစ်တကျ သိမ်းဆည်းစီမံနိုင်ပြီး လူသားအရင်းအမြစ် လေလွင့်မှုကိုလျှော့ချကာ လုပ်ငန်းလည်ပတ်မှုစရိတ် (Operational Cost) ကို သက်သာစေသည်။ ထို့အပြင် ဒီဂျစ်တယ်ငွေပေးချေမှုစနစ် (Digital Payment) များ စုံလင်လာခြင်းက နိုင်ငံတကာခရီးသွားများအတွက် ငွေကြေးသယ်ဆောင်ရမည့်အန္တရာယ်ကို လျှော့ချပေးနိုင်ပြီး သုံးစွဲရလွယ်ကူကာ စိတ်အေးရစေသည်။

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးမောင်းနှင်အားများအနက် ခရီးသွားလုပ်ငန်း (Tourism Industry) သည် နိုင်ငံအသီးသီး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု၊ ယဉ်ကျေးမှုဖလှယ်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးမှုတို့တွင် အဓိကကျသော ကဏ္ဍတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ နည်းပညာတိုးတက်ပြောင်းလဲလာမှုနှင့်အတူ လူသားတို့၏ ခရီးသွားလာမှု စရိုက်လက္ခဏာများသည်လည်း သိသာစွာ ပြောင်းလဲလာခဲ့သည်။

ယနေ့ ၂၀၂၆ ခုနှစ်တွင် မရှိမဖြစ် လိုအပ်ချက်ဖြစ်လာသော စတုတ္ထအကြိမ်မြောက် စက်မှုတော်လှန်ရေး (Industry 4.0)၏ အသီးအပွင့်များဖြစ်သည့် ဒီဂျစ်တယ်စနစ်နှင့် ဉာဏ်ရည်တု (Artificial Intelligence - AI) နည်းပညာများသည် ကမ္ဘာ့စီးပွားရေးအဆောက်အအုံများ ပုံဖော်လျက်ရှိသည်။ စတုတ္ထမျိုးဆက် စက်မှုခေတ်တွင် တိုးတက်ပြောင်းလဲမှုများမှာ လွန်စွာမြန်ဆန်သည့်အလျောက် သမားရိုးကျ သင်ကြားမှုပုံစံအတိုင်း ပညာသင်နှစ်တစ်နှစ်ပြီးတစ်နှစ် ကျောင်းတက်၊ ဘွဲ့ယူ စသည့် ပညာရေးစနစ်မျိုးဖြင့် လိုက်၍မီနိုင်မည်မဟုတ်ဘဲ ကဏ္ဍအလိုက် ပေါ်လာနေသည့် နည်းပညာသစ်များကို စဉ်ဆက်မပြတ် လေ့လာနေရန် လိုအပ်ကြောင်း ပညာရှင်များက တိုက်တွန်းထားသည်။

ယင်းသို့ သင်ယူလေ့လာနိုင်ရန် အင်တာနက်ကို အဓိက မှီခိုအားထားရမည်ဖြစ်သကဲ့သို့ လူတစ်ဦးချင်းစီ၏ နေ့စဉ်ဘဝများဆီသို့ စဉ်ဆက်မပြတ် ဆိုသလို တစ်ခုပြီးတစ်ခု ရောက်ရှိလာနေသည့် နည်းပညာသစ်များကို မဖြစ်မနေအသုံးပြုရန်လည်း လိုအပ်လျက်ရှိရာ Digital Literacy ခေါ် မသိမဖြစ် သိအပ်ဖွယ်ရာ ဒီဂျစ်တယ်နည်းပညာကို လူတိုင်းသိရန်၊ တတ်ရန်လိုအပ်လာသည်။ သမိုင်းတစ်လျှောက် ခရီးသွားလာရေးကို ပြန်လည်ဆန်းစစ်ကြည့်လျှင် ယခင်က ခရီးသွားလုပ်ငန်းသည် လူကိုယ်တိုင်ချိတ်ဆက်ဆောင်ရွက်ရမှု၊ စက္ကူစာရွက်စာတမ်းများနှင့် မြေပုံစာအုပ်များအပေါ်တွင်သာ မှီခိုခဲ့ရသည်။ ခရီးစဉ်တစ်ခုသွားရောက်ရန်အတွက် သတင်းအချက်အလက်စုံစမ်းခြင်း၊ လေယာဉ်နှင့် ရထားလက်မှတ်ဝယ်ယူခြင်း၊ တည်းခိုမည့် ဟိုတယ်ရှာဖွေခြင်းတို့ကို အေဂျင်စီများမှတစ်ဆင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ အဆင့်ဆင့် ကြိုးပမ်းခဲ့ကြရသည်။

ဉာဏ်ရည်တု (AI) သည် ခရီးသွားလုပ်ငန်းတွင် စက်ရုပ်ပုံစံမျှသာမဟုတ်ဘဲ လုပ်ငန်းလည်ပတ်မှုစနစ်တစ်ခုလုံး၏ ဉာဏ်ဦးနှောက်သဖွယ် ဆောင်ရွက်လာသည်။ AI နည်းပညာသည် ခရီးသွားတစ်ဦးချင်းစီ၏ လူမှုကွန်ရက်အသုံးပြုမှု၊ ယခင်က သွားရောက်ခဲ့သည့်ခရီးစဉ်များ၊ ရှာဖွေမှုမှတ်တမ်းများနှင့် နှစ်သက်မှုဒေတာ (Data) များကို စက္ကန့်ပိုင်းအတွင်း ခွဲခြမ်းစိတ်ဖြာနိုင်သည်။

ထို့နောက် အဆိုပါပုဂ္ဂိုလ်၏ စိတ်ဝင်စားမှုနှင့် အကိုက်ညီဆုံးဖြစ်မည့် တည်းခိုခန်း၊ စားသောက်ဆိုင်၊ သွားရောက်လည်ပတ်သင့်သည့်နေရာများကို တိကျစွာ အကြံပြုပေးနိုင်သည်။ ၎င်းကို အေအိုင်သုံးခရီးသွားလက်ထောက် (AI Travel Assistants) ဟုခေါ်ဆိုကြသည်။ နိုင်ငံတကာမှ ခရီးသွားများသည် မတူညီသော အချိန်ဇုန် (Time Zones) များမှ ဆက်သွယ်လာကြရာ လူသားဝန်ထမ်းများအနေဖြင့် အချိန်ပြည့်တုံ့ပြန်ရန် ခဲယဉ်းသည်။ AI Chatbot များသည် ဘာသာစကားမျိုးစုံဖြင့် ခရီးသွားများ၏ မေးခွန်းများကို ချက်ချင်းလက်ငင်း စိတ်ရှည်စွာ ဖြေကြားပေးနိုင်သဖြင့် လုပ်ငန်းများ၏ ပုံရိပ်နှင့် ယုံကြည်စိတ်ချရမှုကို မြှင့်တင်ပေးသည်။ လေကြောင်းလိုင်းများနှင့် ဟိုတယ်များသည် ရာသီဥတု၊ ပွဲတော်ရက်များ၊ ပြိုင်ဘက်များ၏ ဈေးနှုန်းနှင့် ဝယ်လိုအား (Demand) အပေါ်မူတည်၍ ဈေးနှုန်းများကို အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲသတ်မှတ်ရန် AI algorithms များကို အသုံးပြုကြသည်။ ဤစနစ်သည် လုပ်ငန်းရှင်များအတွက် အကျိုးအမြတ်အများဆုံးရရှိစေသလို ခရီးသွားများအတွက်လည်း မိမိတို့ဘတ်ဂျက်နှင့် ကိုက်ညီမည့်အချိန်ကို ရွေးချယ်ဝယ်ယူနိုင်ခွင့်ရစေသည်။

ဒီဂျစ်တယ်နည်းပညာကို အသုံးချခြင်းသည် ခရီးသွားဧည့်သည်များအတွက်သာမက နိုင်ငံတော်အဆင့် စီမံခန့်ခွဲသူများနှင့် လုပ်ငန်းရှင်များအတွက်လည်း များစွာအကျိုးရှိသည်။ ယခင်က ခရီးသွားစာရင်းဇယားများကို ကောက်ယူရန် လအတော်ကြာ အချိန်ယူခဲ့ရသော်လည်း ယခုအခါ Big Data အကူအညီဖြင့် မည်သည့်နိုင်ငံမှ ခရီးသွားများ မည်သည့်နေရာသို့ အများဆုံးသွားရောက်သည်၊ မည်မျှသုံးစွဲသည်၊ မည်သည့်အရာကို သဘောကျသည် စသည်တို့ကို Real-time (အချိန်နှင့်တစ်ပြေးညီ) သိရှိနိုင်သည်။ AI စနစ်သုံး Chatbots များနှင့် အသံဖော်ဆောင်ချက်စနစ်များကြောင့် ခရီးသွားများသည် မတူညီသော အချိန်ဇုန်များမှ နေ၍ လေယာဉ်လက်မှတ်၊

> ❝ Big Data နှင့် AI နည်းပညာများဖြင့် ခရီးသွားဧည့်သည်များ မည်သည့်နေရာတွင် အလွန်အကျွံစုပြုံနေသည်ကို Real-time သိရှိနိုင်ပြီး အခြားလည်ပတ်စရာနေရာသစ်များသို့ လမ်းကြောင်းလွှဲပေးခြင်းဖြင့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းကို ဖော်ဆောင်နိုင်သည်။ ခရီးသွားများ၏ လာရောက်မှုနှုန်း၊ သုံးစွဲမှုပမာဏနှင့် နှစ်သက်မှုများကို ဒီဂျစ်တယ်စနစ်ဖြင့် တိကျစွာ စာရင်းကောက်ယူနိုင်သဖြင့် နိုင်ငံတော်အတွက် ပိုမိုကောင်းမွန်သော ခရီးသွားမူဝါဒများနှင့် ဗျူဟာများချမှတ်နိုင်သည်။ နည်းပညာကို အသုံးပြုခြင်းဖြင့် ခရီးသွားလုပ်ငန်းသည် “ ပိုမိုမြန်ဆန်ခြင်း၊ ပိုမိုဘေးကင်းခြင်းနှင့် တစ်ဦးချင်းစီအတွက ပိုမိုအဆင်ပြေခြင်း ” ဆိုသည့် အကျိုးကျေးဇူးများကို ရရှိစေ ❞

*စာမျက်နှာ ၇ သို့*

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) ပင်မအဆောက်အအုံရှိ Large Studio ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုကို ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၄** တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV) ပင်မအဆောက်အအုံရှိ Large Studio ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုကို ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ထို့ပြင် MRTV Main Building Waterproofing Work ခေါင်မိုးအမိုး ထပ်မံပြုပြင်ထားရှိမှု၊ ပင်မအဆောက်အအုံအတွင်း ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများပြန်လည်ပြင်ဆင်ထားရှိမှု၊ အမှုထမ်းအိမ်ရာများ ပြန်လည်ပြုပြင်နေမှု၊ အိမ်ထောင်သည်အမှုထမ်းအိမ်ရာနှင့် အပျိုဆောင်များ အသစ်တည်ဆောက်နေမှုနှင့် လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။**(အပေါ်ပုံ)**

ကြည့်ရှုစဉ် ဝန်ထမ်းများ နေထိုင်အသုံးပြုမည့် အဆောက်အအုံများဖြစ်သည့်အတွက် လုံခြုံစိတ်ချရမှုနှင့် ရေရှည်အသုံးပြုနိုင်မှုတို့ကို အလေးထားဆောင်ရွက်ရန်၊ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်၊ သတ်မှတ်ကာလအတွင်းပြီးစီးရန်၊ တည်ဆောက်ပြီးစီးပါက ရေရှည်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ထို့အတူ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်စက်ပစ္စည်းများ ဝယ်ယူခြင်းတို့အတွက် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီး အရည်အသွေး ပြည့်ဝသည့် တည်ဆောက်ရေး လုပ်ငန်းများ၊ ပစ္စည်းဝယ်ယူရေး လုပ်ငန်းများ ဖြစ်စေရေး အလေးထား ဆောင်ရွက်ကြရန် တွေ့ဆုံဆွေးနွေး မှာကြားခဲ့သည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၄** မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

ဟိုတယ်နှင့် ခရီးစဉ်အချက်အလက်များကို ညဥ့်နက်သန်းခေါင်ဖြစ်စေ ချက်ချင်းမေးမြန်းစုံစမ်းနိုင်သည်။

AI သည် ခရီးသွားတစ်ဦးချင်းစီ၏ စိတ်ဝင်စားမှု၊ ဘတ်ဂျက်နှင့် ရှာဖွေမှုမှတ်တမ်း (Data) များကို တွက်ချက်ပြီး ၎င်းတို့နှင့် အကိုက်ညီဆုံးဖြစ်မည့် ခရီးစဉ်လမ်းကြောင်းများကို စက္ကန့်ပိုင်းအတွင်း အကြံပြုပေးနိုင်သည်။ ဒီဂျစ်တယ်ပိုက်ဆံအိတ် (E-wallets) နှင့် QR စနစ်များကြောင့် နိုင်ငံတကာခရီးသွားများအနေဖြင့် ငွေသားအမြောက်အမြားသယ်ဆောင်ရန်မလိုဘဲ ဘေးကင်းစိတ်ချစွာ သုံးစွဲနိုင်သည်။ ဆိုရှယ်မီဒီယာနှင့် ဒီဂျစ်တယ်ဒေတာများကိုသုံးပြီး မိမိတို့ဝန်ဆောင်မှုကို တကယ်စိတ်ဝင်စားမည့် အလားအလာရှိသော ခရီးသည်အုပ်စုထံသို့ တိုက်ရိုက်ကြော်ငြာရောက်ရှိစေနိုင်သည်။

Big Data နှင့် AI နည်းပညာများဖြင့် ခရီးသွားဧည့်သည်များ မည်သည့်နေရာတွင် အလွန်အကျွံစုပြုံနေသည်ကို Real-time သိရှိနိုင်ပြီး အခြားလည်ပတ်စရာနေရာသစ်များသို့ လမ်းကြောင်းလွှဲပေးခြင်းဖြင့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းကို ဖော်ဆောင်နိုင်သည်။ ခရီးသွားများ၏ လာရောက်မှုနှုန်း၊ သုံးစွဲမှုပမာဏနှင့် နှစ်သက်မှုများကို ဒီဂျစ်တယ်စနစ်ဖြင့် တိကျစွာ စာရင်းကောက်ယူနိုင်သဖြင့် နိုင်ငံတော်အတွက် ပိုမိုကောင်းမွန်သော ခရီးသွားမူဝါဒများနှင့် ဗျူဟာများ ချမှတ်နိုင်သည်။ နည်းပညာကို အသုံးပြုခြင်းဖြင့် ခရီးသွားလုပ်ငန်းသည် **"ပိုမိုမြန်ဆန်ခြင်း၊ ပိုမိုဘေးကင်းခြင်းနှင့် တစ်ဦးချင်းစီအတွက် ပိုမိုအဆင်ပြေခြင်း"** ဆိုသည့် အကျိုးကျေးဇူးများကို ရရှိစေပါသည်။

မြန်မာနိုင်ငံတွင် ဒီဂျစ်တယ်နှင့် AI နည်းပညာများ တိုးတက်လာနေသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပြည့်အဝအောင်မြင်ရန်အတွက် ကြီးမားသောစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရဦးမည်ဖြစ်သည်။ အဓိကအားဖြင့် အချို့သော ဝေးလံခေါင်သီသည့် ခရီးသွားဒေသများတွင် အင်တာနက်လိုင်းကောင်းမွန်စွာ မရရှိခြင်းနှင့် လျှပ်စစ်မီးလိုအပ်ချက်တို့သည် ဒီဂျစ်တယ်ဝန်ဆောင်မှုများနှင့် အီလက်ထရွန်နစ် ငွေပေးချေမှုစနစ်များ စဉ်ဆက်မပြတ် လည်ပတ်ရန်အတွက် အဓိကအဟန့်အတားဖြစ်နေသည်။ ထို့အပြင် အဆင့်မြင့်ဟိုတယ်ကြီးများနှင့် ခရီးသွားလုပ်ငန်းကြီးများက နည်းပညာကို ထိရောက်စွာ ရင်းနှီးမြှုပ်နှံနိုင်သော်လည်း တစ်ပိုင်တစ်နိုင် လုပ်ကိုင်နေသော ဒေသခံဧည့်လမ်းညွှန်များ၊ အသေးစားတည်းခိုခန်းများနှင့် စက်လှေ၊ မော်တော်ယာဉ်မောင်းများသည် နည်းပညာအသုံးပြုမှုအပိုင်းတွင် လေ့ကျင့်မှုနှင့် အရင်းအနှီးများ လိုအပ်နေသေးသည်။ ထို့ကြောင့် ဒီဂျစ်တယ်ကွာဟချက် (Digital Divide)ကို လျှော့ချနိုင်ရန်အတွက် နိုင်ငံတော်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက နည်းပညာမျှဝေခြင်းနှင့် ဒေသအခြေပြုသင်တန်းများ ပေးရန် လိုအပ်လျက်ရှိသည်။

ကမ္ဘာလှည့်ခရီးသွားများ ပိုမိုဝင်ရောက်သွားလာနိုင်ရေးအတွက် နိုင်ငံတိုင်းက ဆွဲဆောင်စည်းရုံးခြင်း လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် သဘာဝရေမြေတောတောင်များနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပေါကြွယ်လှသည့်အတွက် ခရီးသွားဧည့်သည်များ စိတ်ဝင်စားကြသည်။ ခရီးသွားလုပ်ငန်းတွင်ကျယ်လာပါက ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုပေါများလာမည်ဖြစ်သည်။ ပြည်ပကဧည့်သည်များ ပိုမိုဝင်ရောက်လာပါက ဒေသစီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေများလည်း စီးဝင်လာမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့နိုင်ငံများအချင်းချင်း ယဉ်ကျေးမှု၊ အပြန်အလှန်နားလည်မှုနှင့် မိမိနိုင်ငံ၏ ကောင်းသတင်းများကို ဖြန့်ဝေနိုင်မှု စသည့် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေနိုင်သည်။ ကမ္ဘာ့ခရီးသွားလာခြင်းနှင့် အလည်အပတ်လုပ်ငန်းကဏ္ဍ၏ တိုးတက်မှုက ကမ္ဘာ့နိုင်ငံများအကြား ငွေကြေးဖောင်းပွမှုနှင့် ပထဝီနိုင်ငံရေးတင်းမာမှုများရှိနေသည့်တိုင် ခံနိုင်ရည်ရှိကြောင်း သက်သေပြလျက်ရှိသည်။ ကမ္ဘာ့ဂျီဒီပီတွင် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလာခြင်းနှင့် အလည်အပတ်လုပ်ငန်းကဏ္ဍသည် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်က ဒေါ်လာ ၁၁ ဒသမ ၆ ထရီလီယံထိ စံချိန်တင်ပါဝင်ခဲ့သည်။ ကမ္ဘာ့စီးပွားရေး စုစုပေါင်း၏ ၉ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး ကမ္ဘာတစ်ဝန်း အလုပ်အကိုင်နေရာပေါင်း ၃၆၆ သန်းထိ ဖြစ်ပေါ်စေခဲ့သည်။ ကမ္ဘာလှည့်ခရီးသည်တို့၏ သုံးစွဲမှုသည် ကိုဗစ်–၁၉ ကပ်ရောဂါ မတိုင်မီက အဆင့်ထက်ကျော်လွန်၍ ပြန်လည်ကောင်းမွန်လာနေပြီဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် အရင်းအမြစ်များစွာ ပိုင်ဆိုင်ထားသည်။ မတူကွဲပြားခြားနားသည့် ယဉ်ကျေးမှုများနှင့် အရောင်အသွေးစုံလင်သည့် တိုင်းရင်းသားလူမျိုးစုပေါင်းတစ်ရာကျော် စုစည်းနေထိုင်ကြသည်။ အရှေ့တောင်အာရှတွင် မဟာဗျူဟာမြောက်ဒေသ၌တည်ရှိပြီး မပျက်စီးသေးသည့် ကမ်းခြေဒေသများ၊ မြင့်မားသည့် တောင်တန်းများ၊ ကျွန်းစုများနှင့် မြေသြဇာကောင်းမွန်သည့် လွင်ပြင်များကြွယ်ဝသည့်နိုင်ငံဖြစ်သည်။

ထို့ပြင် ထူးခြားသည့် သဘာဝအလှအပများ၊ သမိုင်းဝင်ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် လူမှုဘဝပုံစံများသည် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအား မြန်မာနိုင်ငံသို့ ပိုမိုလာရောက်လည်ပတ်နိုင်ရန် ဆွဲဆောင်နိုင်သော ထင်ရှားသည့်အရာများဖြစ်သည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့သည် တာဝန်သိခရီးသွားလုပ်ငန်း၊ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းနှင့် အဆင်ပြေချောမွေ့မှုရှိသော ခရီးသွားလုပ်ငန်း ဖြစ်ပေါ်တိုးတက်စေရေးအတွက် အဓိကအားဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဦးဆောင်ဦးရွက်ပြုရသည့် အဓိပတိအဖွဲ့ဖြစ်သည့်အားလျော်စွာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဘက်စုံလွှမ်းခြုံသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒများ၊ ခေတ်ပေါ်နည်းပညာနှင့် ဗဟုသုတများကို ဦးဆောင်ဦးရွက်ပြု ပံ့ပိုးပေးလျက်ရှိပါသည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းကျင့်ဝတ်များနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် လူမှုစီးပွားအကျိုးဖြစ်ထွန်းရေးအပြင် ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုးသက်ရောက်မှုများ လျှော့ချခြင်း၊ ဆင်းရဲမွဲတေမှုလျှော့ချခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ခရီးသွားလုပ်ငန်းဖြင့် အကျိုးပြုရန်လည်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော်တွင်လည်း ခရီးသွားလုပ်ငန်းဆိုင်ရာ နည်းပညာအထောက်အကူပြု စီမံကိန်းများနှင့် ပညာရေးအစီအစဉ်များ၊ သင်တန်းများ ပို့ချခြင်းဖြင့် ခရီးသွားလုပ်ငန်း ယှဉ်ပြိုင်နိုင်မှုအခြေအနေ၊ ဈေးကွက်ဆိုင်ရာ အသိပညာများ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်သော ခရီးသွားလုပ်ငန်းမူဝါဒများကို ပိုမိုကောင်းမွန်စေပြီး အကျိုးသက်ရောက်မှုကောင်းသည့် ခရီးသွားဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်တည်လျက်ရှိသည်။

ခရီးသွားလုပ်ငန်းများကို အမျိုးအစားအားဖြင့် ခွဲခြားကြည့်ပါက အပန်းဖြေခရီးစဉ်၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ လေ့လာခြင်းခရီးစဉ်၊ သဘာဝအခြေခံခရီးစဉ်၊ အဏ္ဏဝါခရီးစဉ်၊ ခြေလျင်တောင်တက်နှင့် စွန့်စားမှုခရီးစဉ်၊ တောလမ်းကားမောင်းပြိုင်ပွဲနှင့် ကားအပျော်စီးခရီးစဉ်၊ စက်ဘီးစီးခရီးစဉ်၊ မီးပုံးပျံခရီးစဉ်၊ ဘာသာရေးဆိုင်ရာခရီးစဉ်၊ အပျော်စီးသင်္ဘောခရီးစဉ်၊ စင်းလုံးငှားလေယာဉ်ခရီးစဉ်၊ အားကစားအခြေပြု ခရီးသွားလုပ်ငန်း၊ ကျန်းမာရေးအခြေပြု ခရီးသွားလုပ်ငန်းများနှင့် အခြားခရီးသွားအခြေပြု လုပ်ငန်းများဟူ၍ ရှိရာ မိမိတို့နိုင်ငံသည် ဖော်ပြပါခရီးသွားလုပ်ငန်းအမျိုးအစားအားလုံး ကောင်းမွန်စွာလုပ်ကိုင်ဆောင်ရွက်နိုင်သည့် အရင်းအမြစ်များ ပြည့်စုံသောနိုင်ငံဖြစ်သည်ကို တွေ့ရှိနိုင်သည်။

နိဂုံးချုပ်အနေဖြင့်ဆိုရသော် မြန်မာ့ခရီးသွားကဏ္ဍတွင် ဒီဂျစ်တယ်နှင့် AI နည်းပညာ အကောင်အထည်ဖော်မှုသည် အရှိန်အဟုန်ကောင်းဖြင့် ရှေ့သို့လှမ်းနေပြီး အထူးသဖြင့် ငွေပေးချေမှုနှင့် အွန်လိုင်းဘွတ်ကင်စနစ်များတွင် ထူးခြားစွာအောင်မြင်နေသည်ကို တွေ့ရသည်။ ခရီးသွားလုပ်ငန်း၏ အနာဂတ်သည် အသိဉာဏ်မြင့်မားခြင်း၊ ချိတ်ဆက်နိုင်ခြင်းနှင့် ရေရှည်တည်တံ့ခြင်း (Smart, Connected, and Sustainable) တို့အပေါ်တွင် တည်မှီနေသည်။ ဒီဂျစ်တယ်နည်းပညာနှင့် ဉာဏ်ရည်တု (AI) တို့သည် ရွေးချယ်စရာလမ်းစတစ်ခု မဟုတ်တော့ဘဲ ခရီးသွားလုပ်ငန်း ရေရှည်ရှင်သန်တိုးတက်ရေးအတွက် မဖြစ်မနေ လျှောက်လှမ်းရမည့် လမ်းစဉ်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများနှင့်အတူ မိမိတို့နိုင်ငံတွင်လည်း ခရီးသွားကဏ္ဍ အဆင့်အတန်းမြင့်မားလာစေရန်၊ ဝန်ဆောင်မှုများ ဆန်းသစ်လာစေရန်နှင့် စီးပွားရေးအခွင့်အလမ်းသစ်များဖော်ဆောင်နိုင်ရန်အတွက် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ခြင်း၊ နည်းပညာကျွမ်းကျင်သူများ မွေးထုတ်ခြင်းတို့ကို အားသွန်ခွန်စိုက် ဆောင်ရွက်ရမည်ဖြစ်သည်။ သို့မှသာ ခရီးသွားဧည့်သည်များအတွက် ဘေးကင်း၊ လွယ်ကူပြီး မမေ့နိုင်စရာကောင်းသော ခရီးစဉ်များကို ဖန်တီးပေးနိုင်မည်ဖြစ်ပြီး ခေတ်သစ်ကမ္ဘာကြီး၏ အလှအပများကို နည်းပညာစွမ်းပကားဖြင့် ဆန်းသစ်ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း **ခရီးသွားကဏ္ဍဆန်းသစ်ဖို့ ဒီဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာသုံးကြစို့** ဟု တိုက်တွန်းရေးသားအပ်ပါသည်။ ။

❑ *ကျောဖုံးမှ*

ထို့နောက် မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးကျော်ကျော်လင်း (ခ) ဦးထိန်လင်း၏ **မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာအုပ်စု ဖားအောက်တိုက်နယ် ဆေးရုံတွင် ဓာတ်မှန်ရိုက်စက် (X-ray Machine) တစ်လုံး တပ်ဆင်ပေးရန်နှင့် ဓာတ်မှန်ရိုက်ခန်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တပ်ဆင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဖားအောက်တိုက်နယ်ဆေးရုံသို့ လာရောက်ပြသသော လူနာများအနက် ဓာတ်မှန်ရိုက်ရန် လိုအပ်ပါက ကိုးမိုင်ခန့်ကွာဝေးသော မော်လမြိုင် ပြည်သူ့ဆေးရုံကြီးသို့ ညွှန်းပို့စစ်ဆေး ဆောင်ရွက်နေရသည့်အတွက် ဖားအောက်တိုက်နယ်ဆေးရုံရှိ သင့်လျော်သည့် အခန်းတစ်ခန်း အလျား ၁၉ ပေ၊ အနံ ၁၃ ပေ၊ အမြင့် ၁၁ ပေအား ဓာတ်မှန်ခန်းအဖြစ် အသုံးပြုနိုင်ရန် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ပြင်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး 100MA Digital X-Ray Machine တစ်လုံးအား ထောက်ပံ့ပေးပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မာလာဆန်း၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်တွင် မြင်းကျဒိုး တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်း ရပ်ဆိုင်းနေခြင်းအား ပြန်လည်စိစစ်ပြီး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက အဆိုပါအဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း ၃၃ ရာခိုင်နှုန်းပြီးစီးမှုအတွက် ရန်ပုံငွေကျပ်သန်း ၂၅၀ ပေးချေခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ကာလမှစ၍ တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ "ဆောက်လုပ်ရေးပစ္စည်း ဈေးနှုန်းများ အဆမတန် ကွာဟလာမှုကြောင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိပါသဖြင့်" လုပ်ငန်းပြန်လည်အပ်နှံခဲ့ပါသောကြောင့် မြေပြင်ကွင်းဆင်းစစ်ဆေး၍ ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းနှင့် ပေးချေသည့်ရန်ပုံငွေကိုက်ညီမှု ရှိ/မရှိ စစ်ဆေးဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျန်ရှိသော လုပ်ငန်းအစိတ်အပိုင်းများအား အပြီးသတ် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ ညှိနှိုင်းပေးပို့ခဲ့ခြင်းအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ "အဆိုပါလုပ်ငန်းသည် နယ်မြေအခြေအနေအရ ဆောင်ရွက်ရန် အခက်အခဲရှိပါသဖြင့် လုပ်ငန်းလက်ခံဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း" ပြန်ကြားချက်အရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၉၆ ဒသမ ၇၄၀ သန်းအား နိုင်ငံတော်သို့ ပြန်လည်အပ်နှံခဲ့ရခြင်း ဖြစ်ပါကြောင်း။

အဆိုပါ လုပ်ငန်းအား အပြီးသတ်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့နှင့်ညှိနှိုင်း၍ လုပ်ငန်းပြီးစီးရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ပုံငွေ ထပ်မံလိုအပ်ချက်ရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် နေပြည်တော် ဥက္ကာသီရိကုမ္ပဏီမှ Oxygen Plant အောက်ဆီဂျင်ထုတ်လုပ်သော စက်တစ်လုံး ဌာနပိုင် ဝယ်ယူတပ်ဆင်ခဲ့ရာ အောက်ဆီဂျင်စက်ကို သုံးနှစ်ကျော် အသုံးပြုခဲ့ပြီး စက်ချို့ယွင်းမှုကြောင့် ရပ်နားထားသည်မှာ နှစ်နှစ်ခန့် ကြာမြင့်နေပြီဖြစ်သည့်အတွက် ခန္တီးပြည်သူ့ဆေးရုံကြီးတွင်အောက်ဆီဂျင် လိုအပ်သည့် လူနာများအတွက် အခက်အခဲများစွာ ကြုံတွေ့နေရပါသဖြင့် ချို့ယွင်းနေသော အောက်ဆီဂျင်စက်အား အမြန်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ပြည်သူ့ဆေးရုံတွင် ယခုတင်ပြသည့် Oxygen Plant နှင့်၊ မြို့မိမြို့ဖများမှ လှူဒါန်းထားသော Oxygen Plant တစ်လုံးအပါအဝင် Oxygen Plant နှစ်လုံး ရှိပါကြောင်း၊ မြို့မိမြို့ဖများမှ လှူဒါန်းထားသော Oxygen Plant(OYS-50) အား ကောင်းစွာအသုံးပြုလျက်ရှိပြီး တစ်နေ့လျှင် Oxygen ဓာတ်ငွေ့ လီတာ ၄၀ ဆလင်ဒါအိုး ၁၆ လုံးခန့် ထုတ်လုပ်ပေးနိုင်ပါကြောင်း၊ ပြုပြင်ရန်လိုအပ်နေသော Oxygen Plant (Oxymat, O-280) နှင့်ပတ်သက်၍ ဥက္ကာသီရိကုမ္ပဏီ၏တင်ပြချက်အရ Preventive Maintenance Kit များလဲလှယ်ခြင်း၊ Air Compressor များစစ်ဆေး၍ လိုအပ်ပါက လဲလှယ်ခြင်း၊ Air Dryer များစစ်ဆေး၍ လိုအပ်ပါက လဲလှယ်ခြင်း၊ Pressure Swing Absorption Zeolite bed စစ်ဆေးလဲလှယ်ခြင်း၊ Oxygen booster စစ်ဆေးလဲလှယ်ခြင်းတို့ ပြုလုပ်ရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ဈေးနှုန်းတင်သွင်းလွှာများခေါ်ယူ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ ခုတင်(၁၀၀) ဆံ့ ပြည်သူ့ဆေးရုံတွင် ပထမအကြိမ် အစိုးရလက်ထက်က ခန့်ထားပေးခဲ့သော မျက်စိလက်ထောက်ဆရာဝန်အား တွဲဖက်ပြန်လည်ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ၊ ပြန်လည်ခန့်ထားပေးမည်ဆိုပါကလည်း မည်သည့်အချိန်တွင် စေလွှတ်ပေးမည်နှင့် ပြန်လည်ခန့်ထားခြင်းမရှိပါက မည်သည့်အတွက်ကြောင့် မခန့်ထားနိုင်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ် တစ်ဦး၊ အထူးကုဆရာဝန်များအနေဖြင့် အထူးကုဆရာဝန် (အရိုး/ ခွဲစိတ်/ မေ့ဆေး/ ဓာတ်မှန်) နှင့် သွားနှင့်ခံတွင်းဆရာဝန်များအား ခန့်အပ်ထားပြီး မျက်စိအထူးကုအား ခန့်ထားခဲ့ပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဒေါ်ယဉ်မင်းထိုက်၏ **မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့နယ်ရှိ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအား ခရိုင်အဂ်ါရပ်နှင့် ညီညွတ်သည့် ခုတင်(၁၀၀) ဆံ့ ပြည်သူ့ဆေးရုံအဖြစ်သို့ အဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက ကျိုက်ထိုမြို့ ပြည်သူ့ဆေးရုံသည် ခုတင် (၁၀၀) ဆံ့ သထုံမြို့ ပြည်သူ့ဆေးရုံနှင့်လည်းကောင်း၊ ခုတင် (၅၀၀) ဆံ့ ပဲခူးမြို့ပြည်သူ့ဆေးရုံကြီးနှင့်လည်းကောင်း မော်တော်ယာဉ်ဖြင့် တစ်နာရီခန့်သာ သွားရပါကြောင်း။

ကျိုက်ထိုမြို့ ပြည်သူ့ဆေးရုံသည် သုံးနှစ်စာအနေဖြင့် တစ်ရက်ပျမ်းမျှအတွင်း လူနာဦးရေ ၃၃ ဦးရှိပြီး လုပ်ထုံးလုပ်နည်းအရ ခွင့်ပြုခုတင်အသုံးပြုမှုရာခိုင်နှုန်းပြည့်မီရန် လိုအပ်လျက်ရှိပါသဖြင့် လတ်တလော ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ တိုးမြှင့်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကောင်းဘို့ကျေးရွာအုပ်စု ကောင်းဘို့ကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ရုံအား လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကောင်းဘို့တိုက်နယ်ဆေးရုံအား (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဖွင့်လှစ်ခွင့်ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ကောင်းဘို့တိုက်နယ်ဆေးရုံတည်ဆောက်ရန်အတွက် အလှူရှင်များမှ ကွင်းအမှတ်(၄)၊ ကောင်းဘို့မြောက် ဦးပိုင်အမှတ် (၇၂/၁၁၈) မြေဧရိယာ ၃ ဒသမ ၁၃ ဧကအား လှူဒါန်းခဲ့သော်လည်း ၎င်းမြေဧရိယာအနက် ၂ ဒသမ ၇၂ ဧကသည် ယာမြေဖြစ်ပြီး ၀ ဒသမ ၄၁ ဧကသည် လယ်မြေဖြစ်နေသောကြောင့် လယ်မြေ၊ ယာမြေမှ အခြားနည်းသုံးစွဲခွင့် ရရှိရေးအတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီသို့ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် တင်ပြထားပြီးဖြစ်ပါကြောင်း၊ လယ်ယာမြေအခြားနည်းသုံးစွဲခွင့်ရရှိပါက ရပ်စောက်မြို့နယ် ကောင်းဘို့ တိုက်နယ်ဆေးရုံအဆောက်အအုံများအား အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ လျာထားဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်နှင့် ကမ္ဘောဒီးယား၊ ဗီယက်နမ် နှစ်နိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးရေးအသင်းများကို ၂၀၂၆ ခုနှစ် ဩဂုတ် ၁၉ ရက် လွှတ်တော် ရပ်နားထားစဉ်ကာလအတွင်း ဖွဲ့စည်းခဲ့ရာ **မြန်မာ-ကမ္ဘောဒီးယား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း**တွင် ဥက္ကဋ္ဌအဖြစ် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၆) ဒေါက်တာကျော်ထွန်းနှင့် အတွင်းရေးမှူးအဖြစ် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ် မြင့်သောင်း တို့အပါအဝင် အဖွဲ့ဝင် ၁၀ ဦး၊ **မြန်မာ-ဗီယက်နမ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း** တွင် ဥက္ကဋ္ဌအဖြစ် ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၅) ဦးမျိုးမင်းနောင်နှင့် အတွင်းရေးမှူးအဖြစ် ကရင်ပြည်နယ်အမျိုးသားလွှတ်တော် အမှတ်(၄) ဒေါ်မိမိကျော်ထွန်းတို့အပါအဝင် အဖွဲ့ဝင် ၁၀ ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်၏ အတည်ပြုချက် ရယူရာ အတည်ပြုသဖြင့် အမျိုးသားလွှတ်တော်နှင့် ကမ္ဘောဒီးယား၊ ဗီယက်နမ် လွှတ်တော် ချစ်ကြည်ရင်းနှီးရေး အသင်းများ ဖွဲ့စည်းခြင်းနှင့် အသင်းများတွင် ပါဝင်သည့်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းများကို အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ် မြင့်သောင်း **အစား** ဗိုလ်မှူးချုပ် ဇော်ဇော်ထွန်းအား လည်းကောင်း၊ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ် ဝင်းကိုကို **အစား** ဗိုလ်မှူးချုပ် ခင်မောင်စိုးအားလည်းကောင်း၊ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးတင့်လွင်အေး **အစား** ဗိုလ်မှူး ဇင်ကိုဝင်းအား လည်းကောင်း၊ အမျိုးသားလွှတ်တော်အစိုးရ မဟုတ်သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကော်မတီတို့တွင် အဖွဲ့ဝင် ဗိုလ်မှူး ကျော်ဇင်ဝင်း **အစား** ဗိုလ်မှူးနိုင်ဝင်းအားလည်းကောင်း၊ အမျိုးသားလွှတ်တော် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးဇေယျာဝင်း **အစား** ဗိုလ်မှူး ဇော်မင်းသိန်းအား လည်းကောင်း၊ မြန်မာ-ကာဇက်စတန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် အတွင်းရေးမှူး ဗိုလ်မှူးတင့်လွင်အေး **အစား** ဗိုလ်မှူးဇင်ကိုဝင်းကိုလည်းကောင်း၊ မြန်မာ-အိန္ဒိယ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် အဖွဲ့ဝင် ဗိုလ်မှူးတင့်လွင်အေး **အစား** ဗိုလ်မှူး ဇင်ကိုဝင်း ကိုလည်းကောင်း၊ မြန်မာ-ကမ္ဘောဒီးယား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် အတွင်းရေးမှူး ဗိုလ်မှူးချုပ်မြင့်သောင်း **အစား** ဗိုလ်မှူးချုပ် ဇော်ဇော်ထွန်းအားလည်းကောင်း အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး တတိယနေ့ကို စက်တင်ဘာ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၄**

တရုတ် ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေ) $48^{th}$ PLA Navy Escort Task Group မှ စစ်ရေယာဉ်များဖြစ်သည့် ဖျက်သင်္ဘော Tang Shan၊ ဖရီဂိတ်စစ်ရေယာဉ် Da Qing နှင့် ထောက်ပံ့ရေးစစ်ရေယာဉ် Tai Hu တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**အထင်ကရနေရာများ လေ့လာ**

အဆိုပါစစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် Senior Captain Xu Fang ဦးစီး၍ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ) $48^{th}$ PLA Navy Escort Task Group မှ အရာရှိ၊ စစ်သည်များ လိုက်ပါလာပြီး ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ လည်ပတ်ခြင်းနှင့် နှစ်နိုင်ငံချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ(၂/၂၀၂၆)အစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၄**

အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (၂၀၂၅-၂၀၂၆) ပထမ(၆)လတာကာလ လုပ်ငန်းဆောင်ရွက်ချက်များကို အစီရင်ခံစာတင်ပြနိုင်ရေးနှင့် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကာလ ဆဋ္ဌမအကြိမ် သက်တမ်းတိုးနိုင်ရေးအတွက် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ (၂/၂၀၂၆) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသမီးရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ဥက္ကဋ္ဌ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင် က ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအား ၂၀၂၆ ခုနှစ် မေ ၄ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၇/၂၀၂၆ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ လုပ်ငန်းကော်မတီနှင့် အမျိုးသားအဆင့်ကော်မတီ၏ Core Group အား ၂၀၂၆ ခုနှစ် ဇွန် ၂၃ ရက်တွင် ပြန်လည်ဖွဲ့စည်းခဲ့ပြီး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအစည်းအဝေးသည် ကော်မတီ၏ ပဉ္စမသက်တမ်း ပထမ(၆)လတာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို အစီရင်ခံစာတင်ပြနိုင်ရေး ရေးသားထားသည့် အစီရင်ခံစာအပေါ် ဆွေးနွေးမည်ဖြစ်ကြောင်း၊ ထို့အပြင် အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ပဉ္စမသက်တမ်းသည် ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် တစ်နှစ်ပြည့်မြောက်မည်ဖြစ်သည့်အတွက် စီမံချက်ကို သက်တမ်းတိုးရန်အတွက် ကော်မတီဝင်များ၏ သဘောထားအမြင်များကို အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြီးခဲ့သည့် အမျိုးသားအဆင့် ကော်မတီ အစည်းအဝေး (၁/၂၀၂၆)၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ လုပ်ငန်းကော်မတီ (၂/၂၀၂၆) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ချက်များ၊ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (၂၀၂၅-၂၀၂၆) ပထမ(၆) လပတ် အစီရင်ခံစာ (Final Draft) နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးခြင်း၊ ပြင်ဆင်ဖြည့်စွက်အတည်ပြုခြင်းတို့ ဆောင်ရွက်ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နီပေါနိုင်ငံအစိုးရမှ လှူဒါန်းငွေဖြင့် ပြန်လည်ပြုပြင်ခဲ့သည့် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ကျောက်စာတိုက်အဆောက်အဦ ဖွင့်ပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေးလျှောင်ကြီးကြောင့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အတွင်း ထိခိုက်ပျက်စီးခဲ့သည့် ကျောက်စာတိုက် ပြင်ဆင်ခြင်းလုပ်ငန်းအတွက် နီပေါနိုင်ငံအစိုးရမှ အမေရိကန်ဒေါ်လာ သုံးသိန်းကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ပေးအပ်လှူဒါန်းခဲ့ပြီး အဆောက်အအုံဖြိုဖျက်မှုလုပ်ငန်းကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် စတင်ဆောင်ရွက်ခဲ့ကာ ပြင်ဆင်ခြင်းလုပ်ငန်းကို မဟာမုနိဂေါပကအဖွဲ့နှင့်ပူးပေါင်း၍ မန္တလေးမြို့ရှိဂေါ်ရခါးလူမျိုးများက ဆောင်ရွက်ခဲ့ရာ ယခုအခါ ပြီးစီးပြီဖြစ်သဖြင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးခင်မောင်အေး၊ သာသနာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ မြန်မာဂေါ်ရခါးဘာသာရေးအသင်းအဖွဲ့မှ အဖွဲ့ဝင်များနှင့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျောက်စာတိုက်ပြင်ဆင်နိုင်ရေးအတွက် လှူဒါန်းပေးသည့် နီပေါအစိုးရနှင့် ကျောက်စာတိုက်ပြင်ဆင်ရာတွင် ဝိုင်းဝန်းကူညီဆောင်ရွက် ပေးကြသူများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာ-နီပေါ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးမှသည် အနာဂတ်ကာလတွင် သာသနာရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီးက ကျောက်စာတိုက်အသစ် ပြန်လည်ဆောက်လုပ် လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ကျေးဇူးတင် ဝမ်းမြောက်စကား ပြန်လည်ပြောကြားကာ မဟာမုနိဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းက နီပေါနိုင်ငံ သံအမတ်ကြီးနှင့် ဧည့်သည်တော်များကို ကျောက်စာတိုက်ဖွင့်ပွဲ အမှတ်တရလက်ဆောင်များ ပေးအပ်ကာ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးက အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အနုပညာ အထက်တန်းကျောင်း (မန္တလေး) မှ ကျောင်းသား ကျောင်းသူများက ပုဂံအကဖြင့် လည်းကောင်း၊ မန္တလေးဒေသခံ ဂေါ်ရခါးယဉ်ကျေးမှုအဖွဲ့က နီပေါရိုးရာအကဖြင့် လည်းကောင်း ကပြဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနား တက်ရောက်လာသူများက ကျောက်စာတိုက်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဘာသာ သုံးမျိုးဖြင့် ရေးထိုးထားသော မော်ကွန်းကမ္ပည်းကျောက်စာကို အမွေးနံ့သာရည်ဖြင့် ပက်ဖျန်း၍ ကျောက်စာတိုက်အား လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် မန္တလေး နန်းမြို့ရိုး မြောက်ဘက်ရှိ ရတနာပုံခေတ် မင်းတုန်းမင်းကြီးလက်ထက်က တည်ထားခဲ့သော သုဓမ္မာဇရပ်များအနက် ထိခိုက်ပျက်စီးသွားသည့် သုဓမ္မာဇရပ်များနေရာတွင် အစားထိုး ဆောက်လုပ်သည့် သုဓမ္မာဇရပ်များ ဆောက်လုပ်ပြီးစီးမှု၊ အောင်မြေသာစံမြို့နယ်ရှိ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား ပရိဝုဏ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများ၊ ကျောက်စာရုံများ ပြန်လည်ပြုပြင်နေမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်ဖြစ်စဉ်များကြောင့် ကာလအတန်ကြာ ယာယီပိတ်ထားခဲ့သည့် ဖလမ်းမြို့ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းပြန်လည်ဖွင့်လှစ်



**နေပြည်တော် စက်တင်ဘာ ၂၄**

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ကာလအတန်ကြာ ယာယီပိတ်ထားခဲ့သည့် ဖလမ်းမြို့ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းကို ယနေ့နံနက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားကို လူမှုဝန်ထမ်းဦးစီးဌာန ဖလမ်းမြို့ မူလတန်းကြိုကျောင်းတွင် ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဝင်းဇော်ဦးနှင့် လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်တာဝန်ခံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးတို့က မူလတန်းကြိုကျောင်း ကလေးများအား အာဟာရများ တိုက်ကျွေးသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ယခုအခါချင်းပြည်နယ်အတွင်း ဟားခါးမြို့၊ တီးတိန်မြို့နှင့် ဖလမ်းမြို့များရှိ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းများကို ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်ပံ့ပိုးမှုဖြင့် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ချင်းပြည်နယ်အတွင်း မူလတန်းကြိုကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် တိုက်တွန်းလိုပါကြောင်းနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ချင်းပြည်နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၆၈ ကျောင်းအတွက် ဆရာမလစာနှင့် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအနေဖြင့် မူလတန်းကြိုကျောင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရန် တိုက်တွန်းကြောင်း ပြောကြားပြီး သင်ထောက်ကူပစ္စည်းများ၊ လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသည့် အလှူငွေများကို ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူးတို့က ပေးအပ်သည်။

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဖလမ်းမြို့ နေရပ်ပြန်ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ တဖြည်းဖြည်း ပုံမှန်လည်ပတ်နေပြီဖြစ်ကြောင်း၊ ဖလမ်းမြို့တွင် ယခင်က မူလတန်းကြိုကျောင်း သုံးကျောင်းရှိခဲ့ပြီး ယခုအခါ မူလတန်းကြိုကျောင်း နှစ်ကျောင်း ပြန်လည် ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ယမန်နေ့ကလည်း ဖလမ်းမြို့တွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများဖြစ်သည့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရုံးအဆောက်အအုံ ပြုပြင်နေမှု၊ ဝန်ထမ်းအိမ်ရာ နှစ်လုံး ပြုပြင်နေမှု၊ မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းအိမ်ရာနှင့် ရုံးအဆောက်အအုံပြုပြင်နေမှု၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ရုံးအဆောက်အအုံ ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာသင်ကြားနေမှုအား ကြည့်ရှုအားပေးစကား ပြောကြားပြီး စာသင်ဆောင် အဆောက်အအုံ ပြုပြင်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **သတင်းစဉ်**

# တောင်သူများဘဝ "ရေ" စိတ်ချစွာဖြင့် အယ်လ်နီညိုကာလ ကျော်ဖြတ်ကြပါစို့

ဝိဓူရ

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများတွင် အယ်လ်နီညိုဖြစ်ပေါ်ခြင်းကြောင့် အစွန်းရောက်ရာသီဥတုများ ပြင်းထန်စွာခံစားကြရပြီး လူမှုစီးပွားဘဝများထိခိုက်စေနိုင်ပါသည်။ အယ်လ်နီညိုဆိုသည်မှာ ပင်လယ်ရေ အပူချိန်ပြောင်းလဲခြင်းကြောင့် ရက်ရှည်မိုးပြတ်၍ ပူပြင်းခြောက်သွေ့ခြင်းများဖြစ်စေသည့်နည်းတူ အချိန်မှန် မိုးမရွာခြင်း၊ ရွာသွန်းသည့်အခါ ထူးခြားစွာ မိုးကြီးရေလျှံခြင်းများ ဖြစ်စေနိုင်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ၂၀၂၆ ခုနှစ်တွင် အယ်လ်နီညိုဖြစ်စဉ် ကျရောက်လာနိုင်မည်ဟု မိုးလေဝသ ပညာရှင်များ အသိပေးနှိုးဆော်ထားပါသည်။ အယ်လ်နီညိုကျရောက်သည့်အခါတွင် မိုးရွာချိန်မှန်ကန်မှုမရှိခြင်း၊ ရက်ရှည်မိုးပြတ်ပြီး ရေရှားပါးခြင်း၊ မိုးရွာသည့်အခါ အချိန်တိုအတွင်း လွန်ကဲစွာ ရွာသွန်းခြင်းကြောင့် ရေကြီး/ ရေလျှံမှုများဖြစ်စေခြင်း၊ ပူပြင်းခြောက်သွေ့ပြီး အပူချိန် ထူးကဲစွာမြင့်မားလာခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ထိခိုက်စေပြီး သီးနှံအထွက်နှုန်းကျဆင်းစေခြင်း၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ရေကန်များ ရေလျော့နည်းခြင်း စသည်တို့ ဖြစ်ပေါ်စေနိုင်ပါသည်။ အယ်လ်နီညိုကြောင့် မိုးလုံးဝမရွာတာမျိုး မဟုတ်ပါ၊ မိုးရွာသွန်းချိန်မမှန်ကန်မှုနှင့် အစွန်းရောက်ရာသီဥတုကိုဖြစ်စေခြင်းသာ ဖြစ်ပါသည်။

အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုကို ကာကွယ်ထိန်းချုပ်ရန် မဆောင်ရွက်နိုင်သော်လည်း ကြိုတင်ပြင်ဆင်ခြင်းဖြင့် ကောင်းစွာကျော်လွှားဖြတ်သန်းနိုင်မည်ဖြစ်ပါသည်။ ကြိုတင်ပြင်ဆင်မှုများအနေဖြင့် မိုးကောင်းစွာရွာသွန်းချိန်တွင် ရေကိုစနစ်တကျ စုဆောင်းထားရှိပြီး မိုးပြတ်သည့်ကာလများတွင် မျှဝေသုံးစွဲခြင်းဖြင့် သောက်သုံးရေ၊ စိုက်ပျိုးရေပြတ်လပ်မှုများကို ကာကွယ်နိုင်မည် ဖြစ်ပါသည်။ ရေကိုကြိုတင်စုဆောင်းခြင်း၊ ချွေတာသုံးစွဲခြင်းနှင့်အတူ ရေရှားပါးပြတ်လပ်ချိန်တွင်လည်း မျှတညီညွတ်စွာ ခွဲဝေသုံးစွဲကြရမည်ဖြစ်ပါသည်။ ကြိုတင်ပြင်ဆင်ခြင်းဖြင့် စိုက်ပျိုးသီးနှံထုတ်လုပ်မှု ထိခိုက်ပျက်စီးမှုများ နည်းပါးစေ၍ ဝင်ငွေဆုံးရှုံးမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ရာ ယနေ့မှစ၍ ရေကိုစနစ်တကျ စုဆောင်းချွေတာသုံးစွဲခြင်းသည် မနက်ဖြန် စားဝတ်နေရေးကိုကာကွယ်ခြင်းပင် ဖြစ်ပါသည်။

စိုက်ပျိုးရေးကို အခြေခံသည့် မိမိတို့နိုင်ငံအနေဖြင့် ကျေးလက်နေတောင်သူများနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာမည့် သက်ရောက်မှုများကို စနစ်တကျ ဖြတ်သန်းကျော်လွှားနိုင်မည်ဖြစ်ပါသည်။ အစိုးရအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများ၏ စီမံဆောင်ရွက်မှုများ၊ မိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ ပြည်သူများ၊ တောင်သူလယ်သမားများအနေဖြင့် လွယ်ကူထိရောက်ပြီး လက်တွေ့ကျသည့် ကြိုတင်ပြင်ဆင်မှုများအား ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ထားကြရမည်ဖြစ်ပါသည်။

မိမိတို့ ကျေးရွာရှိ ရေကန်များ တူးဖော်ခြင်း၊ ကန်ပေါင်ဆယ်ခြင်း၊ ရေဝင်လမ်းကြောင်းများ ရှင်းလင်းတူးဖော်ခြင်း၊ ချုံနွယ်သစ်ပင်နှင့် အမှိုက်သရိုက်များ ရှင်းလင်းခြင်းများ ဆောင်ရွက်ထားပြီး ပိုးသတ်ဆေးသုံးစွဲခြင်းကဲ့သို့ ရေကိုအဆိပ်အတောက်ဖြစ်စေမည့် အရာများအား စုဆောင်းရေအတွင်းသို့ ကျရောက်ခြင်းမရှိစေရန် သတိပြု၍ ဘေးအန္တရာယ်ကင်းစွာ ကာကွယ်ဆောင်ရွက်ရမည်ဖြစ်ပြီး ရေကိုစနစ်တကျ စုဆောင်းထားကြရမည်ဖြစ်ပါသည်။

ယနေ့ ရေတစ်စက်ချွေတာခြင်းသည် နောက်တစ်နေ့အတွက် ရေတစ်စက်စုဆောင်းထားခြင်းပင်ဖြစ်ပါသည်။ စိုက်ပျိုးရေရယူသုံးစွဲရာတွင်လည်း သီးနှံ၏ ရေလိုအပ်ချက်ပမာဏနှင့်အညီသာ ရယူသုံးစွဲခြင်း၊ ရေလေလွင့်မှုမရှိစေရန်အတွက် လယ်ကြားမြောင်းများ၊ ကန်သင်းများ ပြုပြင်ဆောင်ရွက်ခြင်း၊ အလှည့်ကျရေယူစနစ်ဖြင့် မျှတညီညွတ်စွာ ခွဲဝေသုံးစွဲခြင်းများအား ပိုမိုစနစ်ကျစွာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

မိုးတစ်ကြိမ်ရွာရုံနှင့် မိုးရေလုံလောက်စွာရနိုင်မည်ဟု မျှော်မှန်း၍ အလျင်စလို သီးနှံစိုက်ပျိုးခြင်းများ မပြုလုပ်သင့်ပါ။ တစ်ရက်/ နှစ်ရက် မိုးရွာပြီး ရက်ရှည်မိုးပြတ်သွားနိုင်ခြင်းကြောင့် စိုက်ပျိုးထားသည့် သီးနှံများဆုံးရှုံးနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ဒေသနှင့်ကိုက်ညီ၍ ရေလိုအပ်ချက်နည်းပြီး သက်တမ်းတိုသည့် သီးနှံများကိုသာ ရွေးချယ်စိုက်ပျိုးကြရန်နှင့် မိုးလေဝသသတင်းများ စဉ်ဆက်မပြတ် နားထောင်၍ ရေရရှိနိုင်မည့်ပမာဏအား ခန့်မှန်းချင့်ချိန်တွက်ချက်စိုက်ပျိုးရန် လိုအပ်ပါသည်။

အယ်လ်နီညိုကာလတွင် မိုးရေကို တန်ဖိုးထားကြသကဲ့သို့ မြေအောက်ရေကိုလည်း တန်ဖိုးထားဆောင်ရွက်ကြရန် လိုအပ်ပါသည်။ စိုက်ပျိုးရေ စက်ရေတွင်းများမှ ရေကို မလိုအပ်ဘဲ အလွန်အကျွံထုတ်ယူသုံးစွဲခြင်းသည် မြေအောက်ရေမျက်နှာပြင် လျော့ကျစေနိုင်ပြီး ရေအရည်အသွေးကိုလည်း ထိခိုက်စေနိုင်ပါသည်။ မြေအောက်ရေကို လိုအပ်သလောက်သာ ထုတ်ယူသုံးစွဲပြီး ပြန်လည်ဖြည့်တင်းနိုင်သည့် မိုးရေစိမ့်ဝင်သည့် နေရာများကိုလည်း ပိတ်ဆို့တားဆီးခြင်းများ မရှိစေရန်လိုအပ်ပါသည်။ **မြေအောက်ရေသည် အရေးကြီးသော အရန်ရေဖြစ်သည့်အတွက် အမှန်တကယ် လိုအပ်မှသာ စနစ်တကျ ထုတ်ယူသုံးစွဲကြရန်**နှင့် မြေအောက်ရေမျက်နှာပြင်ကျဆင်းလျှင် သက်ဆိုင်ရာဌာနများသို့ အသိပေးဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

**"ရေအသက်တစ်မနက်"** ဆိုသည့်အတိုင်း သောက်သုံးရေကို ပထမဦးစားပေးကာကွယ်ရန် လိုအပ်ပါသည်။ သောက်သုံးရေနှင့် စိုက်ပျိုးရေ ခွဲခြားအသုံးပြုရန်နှင့် အမှိုက်အညစ်အကြေးများ ရှင်းလင်းဆောင်ရွက်ရန်၊ ရေတွင်းရေကန်များ အစဉ်သန့်ရှင်းမှုရှိစေရေး အထူးအလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။ အဆိုပါ လုပ်ငန်းစဉ်များအား ရပ်ရွာတောင်သူအစုအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုအသင်းအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အစိုးရဌာနများ စဉ်ဆက်မပြတ် ချိတ်ဆက်ပူးပေါင်း၍ ဟန်ချက်ညီညီ အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

အယ်လ်နီညိုကြောင့် ရေရှားပါးမှုဖြစ်စဉ်များ ပေါ်ပေါက်လာပါက ညီညွတ်မျှတစွာ ခွဲဝေသုံးစွဲနိုင်ရေး စီမံဆောင်ရွက်ကြရမည်ဖြစ်ရာ ကျေးရွာအလိုက်၊ တောင်သူအစုအဖွဲ့အလိုက် ဆွေးနွေးဆောင်ရွက်၍ ရေကို တရားမဝင်ရယူသုံးစွဲခြင်း၊ မြောင်းပိတ်/ မြောင်းချိုး၍ ရေရယူခြင်းများ မပြုလုပ်ကြရန်နှင့် ရေကို အလှည့်ကျ မျှတစွာသုံးစွဲကြရန်၊ ချွေတာ၍ စည်းကမ်းရှိစွာ သုံးစွဲကြရန် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ရေကို မျှဝေသုံးစွဲခြင်းကသာ မိမိရပ်ရွာကို ကာကွယ်နိုင်မည်ဖြစ်ရာ ပြဿနာများကို အတူတကွ ပူးပေါင်းဖြေရှင်းဆောင်ရွက်ကြရပါမည်။




အနှစ်ချုပ်အားဖြင့် ရေရှားပါးချိန်တွင် စည်းကမ်းမဲ့စွာ အလဟဿသုံးစွဲခြင်းမပြုကြရန်၊ မိုးတစ်ကြိမ်ရွာရုံနှင့် အလျင်စလို စိုက်ပျိုးခြင်းမပြုကြရန်၊ မြေအောက်ရေကို အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်း မပြုကြရန်၊ သောက်သုံးရေကို စိုက်ပျိုးရေအဖြစ် အစားထိုးသုံးစွဲခြင်း မပြုကြရန်၊ ရေကို တရားမဝင်ရယူသုံးစွဲခြင်း၊ မြောင်းပိတ်/ မြောင်းချိုးခြင်း၊ ရေယူပေါက်ချဲ့ခြင်းများ မပြုလုပ်ကြရန် အထူးအလေးထားလိုက်နာရန် လိုအပ်ပါသည်။

ထို့အတူပင် မိုးရေလှောင်ကန်များအား တူးဖော်ရှင်းလင်းခြင်း၊ ရေကိုချွေတာ၍ စနစ်တကျ သုံးစွဲခြင်း၊ မိုးလေဝသသတင်းများအား အစဉ်နားထောင်ခြင်းနှင့် သတင်းမျှဝေခြင်း၊ သီးနှံများအား ရေရရှိမှုအခြေအနေအပေါ်မူတည်၍ ရွေးချယ်စိုက်ပျိုးခြင်းများအား ဒေသအလိုက်၊ အစုအဖွဲ့အလိုက်အားလုံး ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

အစွန်းရောက်ရာသီဥတုကို ဖြစ်စေသည့် အယ်လ်နီညိုကို မဖြစ်အောင် တားဆီး၍မရ၊ ကာကွယ်၍မရဆိုသော်လည်း စနစ်တကျကြိုတင်ပြင်ဆင်ခြင်းဖြင့် မိမိတို့၏ မိသားစုဘဝများနှင့် သီးနှံရိက္ခာများကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။ **"မိုးရွာတုန်းရေကိုစု၊ ရေရှိတုန်း ချွေတာသုံး၊ ရှားပါးချိန်မှာ မျှဝေသုံး"** ကြခြင်းဖြင့် သန်မာသောတောင်သူ၊ ခိုင်မာသော ကျေးရွာ၊ သာယာသော နိုင်ငံတော်အဖြစ် ရေကို ရွှေလိုတန်ဖိုးထား၍ အယ်လ်နီညိုကာလကို ကြံ့ကြံ့ခိုင်ရင်ဆိုင်ဖြတ်သန်းကြပါစို့ဟု ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။


မိုးရေစုဆောင်းအသုံးပြုနိုင်ရေး ပြုပြင်ဆောင်ရွက်ပေးထားသည့် ဝမ်းတွင်းမြို့နယ် ခင်ကြီးကျေးရွာအနီး ရေကန်။


စိုက်ပျိုးရေနှင့်သောက်သုံးရေ အသုံးပြုနိုင်ရေး ပြုပြင်ဆောင်ရွက်ပေးထားသည့် မိတ္ထီလာမြို့နယ် အရှေ့ဆည်ကုန်းကျေးရွာအနီး ရေကန်။

## သာကေတမြို့နယ် ဦးစီးမှူးရုံး၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားကတ်ရရှိပြီးသူများအား e-ID စနစ်ဖြင့် UID နံပါတ်ထုတ်ပေး

**နေပြည်တော် စက်တင်ဘာ ၂၄** ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး ဝန်ထမ်းများက အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပျောက်ဆုံး/ ပျက်စီးသူများ၊ အကြောင်း အမျိုးမျိုးကြောင့် နိုင်ငံသား စိစစ်ရေးကတ်များ မရရှိသေးသည့် ပြည်သူများကို လမင်းစီမံချက်ဖြင့် ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ပေးနေမှုနှင့် နိုင်ငံသားကတ်ရရှိပြီးသူများအား e-ID စနစ်ဖြင့် UID နံပါတ်ထုတ်ပေးနေမှုများကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုအားပေးကာ ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း လုပ်ငန်းကိစ္စများ လာရောက်ဆောင်ရွက်ကြသည့် ပြည်သူများကို လုပ်ငန်းဆိုင်ရာ အခက်အခဲများကို မေးမြန်း၍ တာဝန်ရှိသူများနှင့် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး မြို့နယ်ရုံး မှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျ ထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အဆိုပါဝင်း အတွင်းရှိ ဗိုလ်တထောင်ခရိုင်ဦးစီးမှူးရုံး၊ ရခိုင်ပြည်နယ်မှ ယာယီရုံးအဖြစ် ပြောင်းရွှေ့ဖွင့်လှစ်ထားရှိသည့် ရမ်းဗြဲမြို့နယ်နှင့် ကျောက်ဖြူမြို့နယ် ဦးစီးမှူးရုံးများ ယာယီရုံးဖွင့်လှစ်ထားရှိမှု၊ သာကေတ ဂိုဒေါင်များအတွင်း အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၏ လုပ်ငန်းသုံးပုံစံများ သိုလှောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၄** မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးသည် ယနေ့နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. BAE Byeongsoo နှင့်အဖွဲ့အား နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံက ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် လက်ရှိရင်းနှီးမြှုပ်နှံနေသော ကုမ္ပဏီများသာမက လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသော ကိုရီးယားကုမ္ပဏီများလည်းရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုမှ နှစ်နိုင်ငံလုံး အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကိုရီးယားသမ္မတနိုင်ငံ၏ အောင်မြင်မှုသည် မြန်မာနိုင်ငံ၏ အောင်မြင်မှုဖြစ်ပြီး မြန်မာနိုင်ငံ၏ အောင်မြင်မှုသည် ကိုရီးယားသမ္မတနိုင်ငံ၏ အောင်မြင်မှုပင်ဖြစ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက အနာဂတ်တွင် ကိုရီးယားသမ္မတနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများ၏ ငွေကြေးများနှင့် တိုက်ရိုက်ပေးချေရန်အတွက် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပြီး ကုန်သွယ်မှုတွင် ပိုမိုချောမွေ့စေမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးသည်။ ဆက်လက်၍ မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံခြားငွေကြေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံသို့လာရောက်၍ ဘဏ်ခွဲနှင့် လက်အောက်ခံဘဏ်များ ဖွင့်လှစ်လုပ်ကိုင်နေသော ကိုရီးယားဘဏ်များ၏အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## (၅၅) ကြိမ်မြောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ဆုရရှိသူများ အမည်စာရင်းကြေညာ

ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (ယူပီယူ) တည်ထောင်သည့် ၁၈၇၄ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့မှစ၍ နှစ်စဉ်အောက်တိုဘာလ (၉)ရက်နေ့ကို ကမ္ဘာ့စာပို့တိုက်နေ့အဖြစ် သတ်မှတ်၍ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပခဲ့ရာ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း နှစ်စဉ်ပါဝင်ကျင်းပလျက်ရှိသည်။ ကမ္ဘာ့စာပို့တိုက်သမဂ္ဂနှင့် ကုလသမဂ္ဂ၏ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း(UNESCO)တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၁၉၇၁ ခုနှစ်မှစတင်၍ အသက် (၉) နှစ်ပြည့်ပြီး အသက် (၁၅) နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲကို ကမ္ဘာနှင့်တစ်ဝန်း နှစ်စဉ်ကျင်းပလေ့ရှိရာ ယခု ၂၀၂၆ ခုနှစ်တွင် (၅၅) ကြိမ်မြောက် ရောက်ရှိခဲ့ပြီဖြစ်သည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသော အသက် (၉) နှစ်ပြည့်ပြီး အသက်(၁၅)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲကို မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ကျင်းပခဲ့သည်။ ပြိုင်ပွဲဝင်ရမည့် ခေါင်းစဉ်မှာ **" Write a letter to a friend about why human connection matters in a digital world." (ဒစ်ဂျစ်တယ်ကမ္ဘာကြီးတွင် လူသားအချင်းချင်း ဆက်သွယ်မှုသည် မည်သည့်အတွက်ကြောင့် အရေးကြီးကြောင်းကို သူငယ်ချင်းတစ်ဦးထံသို့ ပေးစာတစ်စောင် ရေးသားရန်)** ဖြစ်ပြီး အခြေခံပညာအဆင့်တွင် ဖြေဆိုသူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၀၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ရရှိလာသည့်ပြိုင်ပွဲဝင်စာမူ ၄၀၃ စောင်ကို ပညာရေးဝန်ကြီးဌာနနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ ပူးပေါင်းပါဝင်သည့် အကဲဖြတ်အဖွဲ့ဖြင့် စိစစ်အကဲဖြတ်ခဲ့ပြီး ပြည်တွင်းအဆင့် ပထမဆုကို ရခိုင်ပြည်နယ် စစ်တွေမြို့ အထက (၄) Grade-8 မှ မပြုံးသက်ပိုင်ထွန်း ကလည်းကောင်း၊ ဒုတိယဆုကို နေပြည်တော် ပျဉ်းမနားမြို့ ပညာပန်းတိုင်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-6 မှ မစုမြတ်နဒီကလည်းကောင်း၊ တတိယဆုကို ပဲခူးတိုင်းဒေသကြီး(အနောက်) ပေါင်းတည်မြို့နယ် အလက(ခွဲ) မှတ်တိုင်လမ်း Grade-6 မှ မဖြိုးရတနာဇော်က လည်းကောင်း၊ အထူးဆုကို မွန်ပြည်နယ် မော်လမြိုင်မြို့ အထက(၆) Grade-9 မှ မအေးယမုံသွယ်တို့ကလည်းကောင်း ရရှိခဲ့ကြောင်း သိရသည်။ အဆိုပါ အကဲဖြတ်အဖွဲ့၏ စိစစ်ရွေးချယ်ချက်အရ ပြည်တွင်းအဆင့် ပထမဆုရ စာမူကို ယူပီယူမှကျင်းပသည့် နိုင်ငံတကာ လူငယ်များ ပေးစာရေးပြိုင်ပွဲသို့ ပေးပို့ ယှဉ်ပြိုင်ထားပြီးဖြစ်ပါကြောင်း ထုတ်ပြန်ကြေညာထားသည်။

### ၂၀၂၆ ခုနှစ်၊ (၁၅၂) နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်ခဲ့သည့် (၅၅) ကြိမ်မြောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ဆုရှိသူများ အမည်စာရင်း



**ပထမဆု**

အမည် - မပြုံးသက်ပိုင်ထွန်း
အဘအမည် - ဦးအေးထွန်း
အမိအမည် - ဒေါ်သန်းသန်းငွေ
အတန်း - Grade-8
ကျောင်းအမည် - အ-ထ-က (၄) စစ်တွေမြို့၊ ရခိုင်ပြည်နယ်



**ဒုတိယဆု**

အမည် - မစုမြတ်နဒီ
အဘအမည် - ဒေါက်တာအောင်နိုင်ဝင်း
အမိအမည် - ဒေါ်နန်းဆိုင်းခမ်း
အတန်း - Grade-6
ကျောင်းအမည် - ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း ပျဉ်းမနားမြို့၊ နေပြည်တော်



**တတိယဆု**

အမည် - မဖြိုးရတနာဇော်
အဘအမည် - ဦးသန်းဇော်
အမိအမည် - ဒေါ်သီတာအေး
အတန်း - Grade-6
ကျောင်းအမည် - အလက(ခွဲ)မှတ်တိုင်လမ်း ပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (အနောက်)



**အထူးဆု**

အမည် - မအေးယမုံသွယ်
အဘအမည် - ဦးအာကာမြင့်
အမိအမည် - ဒေါ်သန္တာသိမ့်
အတန်း - Grade-9
ကျောင်းအမည် - အ-ထ-က(၆) မော်လမြိုင်မြို့၊ မွန်ပြည်နယ်

# မရမ်းကုန်းမြို့နယ် ချမ်းမြေ့ရိပ်သာကျောင်းတိုက် ချမ်းမြေ့ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇနကာဘိဝံသ၏ အန္တိမ အဂ္ဂိစျာပန သာဓုကီဠနပူဇော်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၄**

နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိကာယ ရတ္တညူ မဟာနာယက၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ဆဋ္ဌသင်္ဂီတိ ပါဠိပဋိဝိသောဓက၊ သက္ကျသီဟနှင့် အစိုးရသိရီပဝရဓမ္မာစရိယ သက်တော်(၉၉)နှစ်၊ သိက္ခာဝါတော်(၇၉)ဝါရှိ ချမ်းမြေ့ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇနကာဘိဝံသ၏ အန္တိမ အဂ္ဂိစျာပန သာဓုကီဠနပူဇော်ပွဲကို သာသနာထုံးစံနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အစီအစဉ်(ပထမပိုင်း) ဒါန သီလ ဘာဝနာပူဇာနှင့် ပတ္တိဒါနကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ချမ်းမြေ့ရိပ်သာကျောင်းတိုက်ဝင်းအတွင်း စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီခွဲတွင် သံဃာတော်များအား နေ့ဆွမ်းကပ်၍ ဧည့်ပရိသတ်တို့အား နံနက်စာ ထမင်း+ဟင်းဘူးများ ဝေငှလှူဒါန်းမည်ဖြစ်သည်။

မွန်းလွဲ၁၂ နာရီခွဲတွင် အန္တိမ အဂ္ဂိစျာပန သာဓုကီဠနပူဇာ အခမ်းအနား စတင်ကျင်းပမည်ဖြစ်ပြီး အခမ်းအနား၌ ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ ကြိုးစားကြပါစို့ဟူသော ချမ်းမြေ့အဓိဋ္ဌာန်နှင့် သတ္တဝါမှန်သရွေ့ တရားတွေ့ ချမ်းမြေ့သာယာရှိပါစေဟူသော ချမ်းမြေ့မေတ္တာပို့ဆုတောင်း စုပေါင်းရွတ်ဆိုပူဇော်ခြင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ ချမ်းမြေ့ဆရာတော်ကြီးရေးသားထားသော ဘုရား၊ တရား၊ သံဃာရှိခိုးခြင်းအကျဉ်းဖြင့် စုပေါင်းရှိခိုးခြင်း၊ သံဃာတော်များက အနိစ္စာဝတ သင်္ခါရာ(၃) ဂါထာရွတ်ဆို၍ သံဝေဂဉာဏ်ပွားများခြင်း၊ နိုင်ငံခြားသားယောဂီများက အင်္ဂလိပ်ဘာသာဖြင့် စုပေါင်းရွတ်ဖတ်ပူဇော်ခြင်း၊ ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား စိန်ကတ္တီပါ လွှမ်းခြုံပူဇော်ခြင်း၊ သံဃာတော်များအား လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းခြင်း၊ ချမ်းမြေ့ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပူဇော်ခြင်း၊ မဟာထေရဂုဏပူဇာသံဝေဇနီယဂါထာတို့ကို ဖတ်ကြားပူဇော်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ပေးပို့သော သံဝေဂဉာဏ်ပွားကြောင်း သဝဏ်လွှာ၊ ရွှေကျင်နိကာယဗဟိုဌာန၏ သံဝေဂိယကထာ သဝဏ်လွှာ၊ သာသနာရေးဝန်ကြီးဌာနကပေးပို့သော ဝမ်းနည်းကြောင်း သဝဏ်လွှာတို့ကို ဖတ်ကြားပူဇော်ခြင်း၊ ရွှေကျင်နိကာယဓိပတိဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ သောဠသမရွှေကျင်သာသနာပိုင်၊ နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ သီတဂူဆရာတော်ဘုရားကြီးထံမှ သံဝေဂတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေခြင်း၊ အပြစ်ရှိက သည်းခံခွင့်လွှတ်ပါရန် ချမ်းမြေ့ဆရာတော်ဘုရားကြီးအား တောင်းပန်ကန်တော့ခြင်း၊ ချမ်းမြေ့ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်ကိုကရဝိက်ဖောင်တော်ပေါ်သို့ကြွရောက်ပါရန် အဘိယာစန နိမန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားခြင်းတို့ကို အစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်သည်။

ဆက်လက်၍ ကရဝိက်ဖောင်တော်ပေါ်သို့ ပင့်ဆောင်ရာ၌ ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို တပည့်သံဃာတော်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာတော်ကြီး၏ ဆွေတော်မျိုးတော်များနှင့် တပည့် ဒါယကာ၊ ဒါယိကာမများက အစီအစဉ်တကျ ထမ်းရွက်ပင့်ဆောင်ကြမည်ဖြစ်သည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအဖြစ် အန္တိမ အဂ္ဂိစျာပန မီးသင်္ဂြိုဟ်ပူဇော်ခြင်းအစီအစဉ်ကို ညနေပိုင်းတွင် သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်း သုဝဏ္ဏဘူမိ EVENT PARK တွင် ကျင်းပသွားမည်ဖြစ်သည်။

အစီအစဉ်အရ ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို ကရဝိက်ဖောင်တော်ပေါ်မှ အစီအစဉ်အတိုင်းပင့်ဆောင်၍ တပည့် သံဃာတော်များက မီးသင်္ဂြိုဟ်ပူဇော်မည့် လောင်တိုက်တော်ကို လက်ယာရစ် သုံးပတ်လှည့်လည် ပင့်ဆောင်ပူဇော်ခြင်း၊ ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို အန္တိမအဂ္ဂိစျာပန မီးပူဇော်ခွင့် ပြုပါရန် တောင်းပန်လျှောက်ထားသော အဘိယာစန နိမန္တန ဂါထာတော်ကို ဖတ်ကြားပူဇော်ခြင်း၊ တပည့်ကြီး(၃)ပါးတို့က စက်ခလုတ်နှိပ်၍ ဆရာတော်ကြီး ဥတုဇရုပ်ကလာပ်တော်ကို မီးပူဇော်ချိန်တွင် တပည့်သံဃာ ဒကာ ဒကာမများက အနိစ္စာဝတ သင်္ခါရာအစချီသော (၃)ဂါထာကို ရွတ်ဆိုပူဇော်၍ သံဝေဂဉာဏ်ပွားများခြင်း၊ တာဝန်ရှိပုဂ္ဂိုလ်များက ဆရာတော်ကြီး၏အရိုးဓာတ်ပြာများကို စောင့်ယူပင့်ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ချင်းပြည်နယ် စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**ဟားခါး စက်တင်ဘာ ၂၄**

ချင်းပြည်နယ် စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ချင်းပြည်နယ်စက်မှုဇုန်များဖော်ဆောင်ရေးနှင့်ကြီးကြပ်ရေးကော်မတီနာယက ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ချင်းပြည်နယ်၏ ဒေသအနေအထားအရ လတ်တလောတွင် စက်မှုဇုန်ဖော်ဆောင်ရန် အခြေအနေမပေးသေးသော်လည်း မြေနေရာရှာဖွေခြင်း၊ လျာထားမြေနေရာသတ်မှတ်ခြင်း၊ မြေပုံမူကြမ်းရေးဆွဲခြင်းတို့ကဲ့သို့ ကြိုတင်ဆောင်ရွက်၍ရသည့် လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ထားပါက လုပ်ငန်းဆောင်ရွက်နိုင်သည့် အချိန်တွင် အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စက်မှုဇုန်နှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းပြီးဖြစ်သည့်အတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများနှင့် ကော်မတီဝင်များက ချင်းပြည်နယ်စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ၊ စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများနှင့် စက်မှုဇုန်ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ဟားခါးမြို့၊ ဖလမ်းမြို့၊ တီးတိန်မြို့၊ တွန်းဇံမြို့နယ်များတွင် စက်မှုဇုန်သစ်ဖော်ဆောင်နိုင်ရေး ဦးစားပေးအလိုက် လျာထားဆောင်ရွက်ထားရှိမှု၊ မြေအသုံးချမှုအခြေအနေ၊ စက်မှုနှုန်ဇုန်ဖော်ဆောင်ရေးအတွက် လုပ်ငန်းစဉ်ဆိုင်ရာ ကြိုတင်စဉ်းစားပြင်ဆင်သင့်သည့် ကိစ္စရပ်များ၊ ဦးတည်မည့် စက်မှုလုပ်ငန်း အမျိုးအစားသတ်မှတ်ခြင်း၊ အခြေခံအဆောက်အအုံ တည်ဆောက်မည့် ကိစ္စရပ်များ၊ စက်မှုဇုန်နှင့်သက်ဆိုင်သည့် အခွန်အမျိုးအစားများကို ရှင်းလင်းဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# သီပေါ သီတဂူ စက္ခုဒါနဆေးရုံကြီး၌ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေး

**သီပေါ စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက် ပဓာနနာယကနှင့် သီတဂူ (သီပေါ) စက္ခုဒါန ဆေးရုံကြီးတာဝန်ခံဆရာတော် ဘဒ္ဒန္တပညာသီရိ၏ ကြီးကြပ်မှုဖြင့် (၅၇)ကြိမ်မြောက် အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်မှုကို စက်တင်ဘာ ၁၈ ရက်မှ ၂၃ ရက်အထိ ဆောင်ရွက်ပေးလျက်ရှိရာ မျက်စိဝေဒနာရှင် ၉၃၆ ဦးကို စမ်းသပ်စစ်ဆေးပေးခဲ့ပြီး ၄၂၈ ဦးကို ခွဲစိတ်ကုသပေးခဲ့ကာ ကျန်လူနာများအား မျက်မှန်တပ်ဆင်ခြင်းနှင့် မျက်စဉ်းဆေးရည်များဖြင့် ကုသပေးသည်။

ပညာဒါန၊ လုပ်အားဒါနအဖြစ် ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်းတို့မှ မျက်စိအထူးကုဆရာဝန်ကြီးများ၊ သီပေါမြို့မှ ဆရာဝန်ကြီးများနှင့် သူနာပြုဆရာမကြီးများ၊ ခတ်ခွဲကျွမ်းကျင်သူများ၊ မန္တလေးမြို့မှ မျက်မှန်ကျွမ်းကျင်ပညာရှင်များ၊ မြို့မိမြို့ဖများ၊ သီပေါဘုရားကြီး ဝေယျာဝစ္စအဖွဲ့သားများ၊ ရေကြည်တော်၊ မယ်ဟေမာဝတ်အသင်းများက စုပေါင်းဆောင်ရွက်ပေးခဲ့သဖြင့် စက္ခုဒါနအလှူ အောင်မြင်စွာပြီးမြောက်ကြောင်း သိရသည်။

သီပေါ သီတဂူ မျက်စိခွဲစိတ်မှုလုပ်ငန်းများကို ၂၀၀၈ ခုနှစ် မတ်လမှစတင်၍ဆောင်ရွက်ခဲ့ရာ ယခုအကြိမ်မှာ (၅၇)ကြိမ်မြောက်ခဲ့ပြီး မျက်စိဝေဒနာရှင် တစ်သိန်းကျော်ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။ **စိုင်း(သီပေါ)**



# အောင်မြေသာစံမြို့နယ် သမဝါယမအသင်းစု အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်

**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေး အောင်မြေသာစံမြို့နယ်သမဝါယမအသင်းစု၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အလုပ်အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို ယနေ့ နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ကျင်းပရာ သဘာပတိ ဦးအောင်သူရ၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုဝေဝေထွန်း၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိတို့က လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အသင်းဝင်အသင်းသားများသို့ အစုပေါ်အမြတ်ငွေများ ပေးအပ်ခြင်းနှင့် အမှုဆောင်အဖွဲ့အသစ်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များကို ရွေးချယ်တင်မြှောက်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်-မန္တလေး**

## နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ ကျောက်တံတားခရိုင်တရားရုံးသို့ လာရောက်လေ့လာ

**ရန်ကုန် စက်တင်ဘာ ၂၄**

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဥပဒေပညာဌာနမှ ကြီးကြပ်သူ ဆရာ ဆရာမ သုံးဦး ဦးဆောင်သည့် ကျောင်းသား ကျောင်းသူ ၂၀ တို့ပါဝင်သော လေ့လာရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းက လမ်းမတော်မြို့နယ်ရှိ ကျောက်တံတားခရိုင်တရားရုံးသို့ လာရောက်လေ့လာကြရာ ခရိုင်တရားသူကြီးဦးဆောင်၍ တွဲဖက်ခရိုင်တရားသူကြီးများနှင့် ဒုတိယခရိုင်တရားသူကြီးများက ကြိုဆိုခဲ့ကြပြီး ခရိုင်တရားသူကြီး ဒေါ်မီမီထွေးက နှုတ်ခွန်းဆက်စကားပြောကြားကာ တွဲဖက်ခရိုင်တရားသူကြီးက တရားရုံးအဆင့်ဆင့်၏ ဖွဲ့စည်းပုံနှင့် စီရင်ပိုင်ခွင့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။




**ကိုထက်**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



**နေပြည်တော် စက်တင်ဘာ ၂၄**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နှင့် သာစည်မြို့တို့ရှိ နယ်မြေခံ တပ်ရင်းများ၌ပြုလုပ်ရာ တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင် လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်း သာယာရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက် လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တံတားဦးမြို့နယ်၌ မြို့နယ်လုံးဆိုင်ရာ ချစ်ကြည်ရေးနှင့် ညီညွတ်ရေးဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**တံတားဦး စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၌ ၂၀၂၆ ခုနှစ် ပထမအကြိမ် မြို့နယ်လုံးဆိုင်ရာ ချစ်ကြည်ရေးနှင့် ညီညွတ်ရေးဖလား ဘောလုံးပြိုင်ပွဲကွင်းဖွင့်ပွဲကို စက်တင်ဘာ ၂၃ ရက် ညနေ ၃ နာရီက ပြည်သူ့အားကစားပြိုင်ကွင်း၌ ကျင်းပသည်။



အဆိုပါ အားကစားပြိုင်ပွဲ ကွင်းဖွင့်ပွဲကို မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်မိုးသက်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတိုက်ကြည်၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးက ကွင်းအတွင်းသို့ ဘောလုံးကန်သွင်းပြီး ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးရာ ပန်းယျကျေးရွာအသင်းနှင့် အမှတ်(၃) ရပ်ကွက်အသင်းတို့က အဖွင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ပြီး ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းပေါင်း ၂၆ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**ရဲတင့်**

**(ပြန်/ဆက်)**

❂ *ကျောဖုံးမှ*

ယနေ့ပွဲစဉ်တွင် မြန်မာအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် တီမောအသင်းခံစစ်ကို အဆက်မပြတ် ဖိအားပေးထိုးဖောက်ကစားနိုင်ခဲ့သည်။ မြန်မာအသင်းအတွက် ဦးဆောင်ဂိုးကို ပထမပိုင်းပွဲချိန် ၁၉ မိနစ်တွင် တိုက်စစ်မှူး ဝင်းနိုင်ထွန်းက သွင်းယူပေးခဲ့ပြီး ဒုတိယအနိုင်ဂိုးကို ပွဲချိန် ၇၅ မိနစ်တွင် သန်းပိုင်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲစဉ်အဖြစ် စက်တင်ဘာ ၂၇ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အနိုင်ရရှိပါက ဗိုလ်လုပွဲသို့တက်ရောက်ခွင့်ရမည်ဖြစ်သည်။

ထို့ပြင် ယနေ့ယှဉ်ပြိုင်ကစားခဲ့သည့် Division 2 အုပ်စု (A) ပွဲစဉ်တွင် လာအိုအသင်းက ဘရူနိုင်းအသင်းကို သုံးဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ FIFA Asean Cup 2026 ပြိုင်ပွဲ Division 2 အုပ်စု (A) တွင် အိမ်ရှင်ဟောင်ကောင်၊ လာအို၊ ဘရူနိုင်း၊ အုပ်စု (B) တွင် မြန်မာ၊ ကမ္ဘောဒီးယားနှင့် တီမောအသင်းတို့ ကျရောက်လျက်ရှိသည်။ **နေမျိုး၊ ဓာတ်ပုံ–AFF**

❍ *ကျောဖုံးမှ*

ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ကျော်ညီညီက ပွဲချိန် ၁၅မိနစ်၊ ၆၅ မိနစ်နှင့် မိနစ် ၉၀ တို့တွင် သုံးဂိုး (ဟက်ထရစ်)၊ လမင်းပြည့်စုံက ပွဲချိန် ၁၆ မိနစ်နှင့် ၇၁ မိနစ်တို့တွင် နှစ်ဂိုး၊ ဖွဲ့ခန့်အောင်က ပွဲချိန် ၂၆ မိနစ်၊ ဇေထက်အောင်က ပွဲချိန် ၃၂ မိနစ်နှင့် ခွန်ချိုထူးက ပွဲချိန် ၅၅ မိနစ်တို့တွင်အသီးသီး သွင်းယူပေးခဲ့သည်။ အဆိုပါပွဲစဉ်၏ ပွဲစဉ်အကောင်းဆုံးကစားသမားဆုကို တိုက်စစ်မှူး ကျော်ညီညီက ရရှိခဲ့သည်။

ထို့အတူ ဗဟန်းကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် စစ်ကိုင်းယူနိုက်တက် အသင်းက ချင်းလန်းအသင်းကို သုံးဂိုး– ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ စစ်ကိုင်းအသင်းအတွက် ဦးဆောင်ဂိုးကို ပထမပိုင်းပွဲအစ ၄ မိနစ်မှာပင် တိုက်စစ်မှူး ပိုင်သက်ဦးက သွင်းယူပေးခဲ့သည်။ ထို့နောက် ပွဲချိန်မိနစ် ၃၀ နှင့် နာကျင်အချိန်ပို (၄၅+၁) မိနစ် ပယ်နယ်တီတို့တွင် ပိုင်သက်ဦးကပင် ထပ်မံသွင်းယူခဲ့ကာ ဟက်ထရစ်ဂိုးများဖြင့် ချင်းလန်းအသင်းကို အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်၏ ပွဲစဉ်အကောင်းဆုံး ကစားသမားဆုကို ပိုင်သက်ဦးက ရရှိခဲ့သည်။

M League 2026 (U–20) ပြိုင်ပွဲ၏ ရွှေ့ဆိုင်းပွဲစဉ်များဖြစ်သည့် Week–15 မှ Falcon အသင်းနှင့် ရန်ကုန်စီးတီးအသင်း ပွဲစဉ်ကို စက်တင်ဘာ ၂၆ ရက် ညနေ ၃ နာရီခွဲတွင် ဗဟန်းကွင်း၌ လည်းကောင်း၊ Week–23 မှ ဒဂုံစတား ယူနိုက်တက်နှင့် Galaxy အသင်းပွဲစဉ်ကို စက်တင်ဘာ ၂၇ ရက် ညနေ ၃ နာရီခွဲတွင် YUSC ကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ–ML**

## ပျော်ဘွယ်မြို့နယ် ယင်းတော်ကျေးရွာနှင့် ရန်အောင် ကျေးရွာချင်းဆက်လမ်းအား ကတ္တရာလမ်းခင်းခြင်းဆောင်ရွက်

**ပျော်ဘွယ် စက်တင်ဘာ ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံး ငွေရင်းခွင့်ပြုရန်ပုံငွေ ကျပ် ၁၁၃ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်နေသော မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ယင်းတော်ကျေးရွာနှင့် ရန်အောင်ကျေးရွာချင်းဆက်လမ်းအား ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၁ ရက်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရမည်းသင်းခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် မြို့နယ်ဦးစီးအရာရှိ(မြို့ပြ)တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မင်းမင်းထွေး(ပျော်ဘွယ်)**



✻ *ကျောဖုံးမှ*

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၁ ရက် ညနေ ၆ နာရီခွဲအချိန် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကျောက်တန်းမြို့နယ် အမှတ်(၁)ရပ်ကွက်၊ စက်မှုလမ်းတွင် ရွှေတောင်မြို့နယ် လေးကျွန်းဆီမီးရွာနေ မရီရီဝင်း(၆၄)နှစ်၊ ကျောက်တန်းမြို့နယ် သီလဝါတိုးချဲ့ရပ်ကွက်နေ သန်းနိုင် (၆၃)နှစ်နှင့် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ ရတနာပုံရပ်ကွက်နေ စိုးနိုင် နှစ် ၅၀ တို့ သုံးဦးထံမှ စိတ်ကြွဆေးပြား ၁၅၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၂၅၀) ဖမ်းဆီးရမိသဖြင့် မရီရီဝင်း၊ သန်းနိုင်နှင့် စိုးနိုင်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူစက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မိုးညှင်းမြို့နယ် နန့်စီးအောင်ရွာအနီးတွင် ကသာမြို့နယ် စေတီကုန်းရွာနေသူများဖြစ်သည့် အောင်မင်းခိုင်(၃၄)နှစ် မောင်းနှင်ပြီး ကျော်သိန်းလှိုင် (၁၉)နှစ် လိုက်ပါလာသော သုံးဘီးဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ နှစ်ဦး သယ်ဆောင်လာသည့် ဘိန်းစိမ်း ၃၀ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၁၂ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၆၀) ဖမ်းဆီးရမိခဲ့ပြီး ထို့အတူ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ဗန်းမောက်မြို့နယ် ခမိုးရွာနေ မိုးလှိုင်(၄၉)နှစ် မောင်းနှင်လာသော CANDA 125 အမျိုးအစား ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၄၈၅ ကီလို (တစ်ကီလိုလျှင်ငွေကျပ်သိန်း ၂၂၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၂၆ ဒသမ ၇ သိန်း)နှင့် မြန်မာငွေကျပ် ၅ သိန်းတို့အား ဖမ်းဆီးရမိခဲ့သဖြင့် အောင်မင်းခိုင်၊ ကျော်သိန်းလှိုင်နှင့် မိုးလှိုင်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



တရားခံ ကျော်သိန်းလှိုင်နှင့် အောင်မင်းခိုင်တို့အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

❖ *ကျောဖုံးမှ*

ပြိုင်ပွဲပြီးရင် အကြီးမားဆုံး အားကစားပြိုင်ပွဲလည်း ဖြစ်ပါတယ်။ အာရှပြိုင်ပွဲအတွက် လက်ရည်စစ်ပွဲကိုလည်း အားသွန်ခွန်စိုက်နဲ့ ကျော်ဖြတ်ခဲ့ပြီး အာရှအားကစားပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ခွင့် ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပါတယ်။ ပြီးခဲ့တဲ့ ကမ္ဘာ့အီးစပေ့ါအားကစားပြိုင်ပွဲမှာလည်း Mobile Legends: Bang Bang(MLBB) အားကစားနည်းမှာ ကမ္ဘာ့အဆင့် ဒုတိယရရှိခဲ့တာကြောင့် အာရှအားကစားပြိုင်ပွဲမှာ ဆုတံဆိပ်မျှော်မှန်းထားသလို Honor of Kings (HOK) အားကစားနည်းနဲ့ ဆုတံဆိပ်ရဖို့လည်း မျှော်မှန်းထားပါတယ်။ အခုလို သွားရောက်ယှဉ်ပြိုင်ခွင့်ရအောင် ကူညီပေးတဲ့ နိုင်ငံတော်အကြီးအကဲ၊ အားကစားရေးရာဝန်ကြီးဌာနက တာဝန်ရှိသူအားလုံးကို ကျေးဇူးအထူးတင်ပါတယ်။ နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားမှာပါ” ဟု မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံက ပြောသည်။

အကြိမ် (၂၀)မြောက် အာရှအားကစားပြိုင်ပွဲကို စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ကျင်းပလျက်ရှိသည်။

မြန်မာနိုင်ငံ ကိုယ်စားပြု Team Zanaka အသင်းမှ Mobile Legends: Bang Bang(MLBB) ပြိုင်ပွဲဝင်အသင်းသည်လည်း ယခုရက်ပိုင်းအတွင်း ဂျပန်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်ပြီး အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် Team Zanaka အသင်းကို KBZPay၊ U9၊ Lipovitan–D နှင့် SINODA တို့က ပူးပေါင်းပါဝင် ကူညီထောက်ပံ့ပေးထားကြောင်း သိရသည်။

**သစ္စာ(MNA)**

**ဓာတ်ပုံ – ဖွဲ့မာန်**

## အီဂျစ်နိုင်ငံက ပြည်တွင်းထုတ်စက်မှုလုပ်ငန်းသုံးစက်ရုပ် စတင်မိတ်ဆက်

**ကိုင်ရို စက်တင်ဘာ ၂၄**

အီဂျစ်နိုင်ငံသည် ပြည်တွင်းအဆင့်မြင့် ကုန်ထုတ်လုပ်မှုစွမ်းရည်များ တိုးချဲ့ရန်အတွက် ၎င်း၏ ပထမဆုံးပြည်တွင်းထုတ် စက်မှုလုပ်ငန်းသုံးစက်ရုပ်ကို စတင်မိတ်ဆက်ခဲ့ကြောင်း ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ယမန်နေ့က ပြောကြားသည်။

အဆိုပါစက်ရုပ်ကို စက်မှုခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစင်တာက RaedBots နှင့် Qube ကုမ္ပဏီများနှင့် ပူးပေါင်း၍ တီထွင်ခဲ့ခြင်းဖြစ်ကြောင်း ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ပြောသည်။

စက်ရုပ်တည်ဆောက်ရာတွင် ပြည်တွင်းထုတ်လုပ်မှုအစိတ်အပိုင်း ပါဝင်မှုနှုန်း ၈၀ ရာခိုင်နှုန်းရှိပြီး စက်ရုပ်တွင် အသုံးပြုသည့် မော်တာများကို ပြည်တွင်း၌ ဆက်လက်ထုတ်လုပ်နိုင်ပါက ပြည်တွင်းထုတ်လုပ်မှုအစိတ်အပိုင်းပါဝင်မှုနှုန်း ၉၀ ရာခိုင်နှုန်းအထိ ရှိလာနိုင်မည်ဖြစ်သည်။ အီဂျစ်နိုင်ငံသည် အဆိုပါရည်မှန်းချက်ပြည့်မီစေရန် ပြည်တွင်းထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်ရန် ရည်မှန်းထားကြောင်း သိရသည်။

အီဂျစ်စက်ရုံများ၏ ကုန်ထုတ်လုပ်မှုစွမ်းဆောင်ရည်နှင့် ပြိုင်ဆိုင်နိုင်စွမ်းကို မြှင့်တင်ရန်အတွက် စက်မှုလုပ်ငန်းသုံး လုပ်ငန်းစဉ်များတွင် အဆိုပါစက်ရုပ်များကို အသုံးပြုနိုင်ရန် ရည်ရွယ်ထုတ်လုပ်ခြင်းဖြစ်ကြောင်း စက်မှုဝန်ကြီး ခါလက်ဟက်ရှန်က ပြောကြားသည်။

**ဆင်ဟွာ**

## ဂါဇာဒေသသို့ စက်သုံးဆီ လီတာ ငါးသိန်းခွဲ တင်သွင်းခွင့်ပြုမှု လုံလောက်မှုမရှိဟု OCHA ပြော

**ဂျီနီဗာ စက်တင်ဘာ ၂၄**

ဂါဇာဒေသသို့ စက်သုံးဆီ လီတာ ၅၅၀၀၀၀ တင်သွင်းခွင့်ပြုခဲ့သော်လည်း ယင်းပမာဏမှာ လိုအပ်ချက်များအတွက် လုံလောက်မှုမရှိသေးကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (OCHA) က ယမန်နေ့က ပြောကြားသည်။

စက်တင်ဘာ ၂၂ ရက်တွင် စက်သုံးဆီတင်သွင်းခွင့်ရရှိခဲ့သဖြင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သော်လည်း လိုအပ်သည့် အနိမ့်ဆုံးပမာဏကိုပင် လုံလောက်စွာဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးကြောင်း OCHA က ပြောသည်။

OCHA က စီမံခန့်ခွဲသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၂ သန်း ကို စက်တင်ဘာ ၂၄ ရက်တွင် ခွဲဝေချထားပေးခဲ့ကြောင်း သိရသည်။ ထို့ပြင် မကြာသေးမီက ကာတာနိုင်ငံက လှူဒါန်းခဲ့သည့် အကူအညီများသည် ဂါဇာရှိ ဆေးဘက်ဆိုင်ရာအဆောက်အအုံများအတွက် လောင်စာဆီဝယ်ယူရန် ယာယီဖြေရှင်းပေးသည့် အစီအမံများသာဖြစ်ကြောင်း OCHA က ပြောကြားသည်။

ကျန်းမာရေးစောင့်ရှောက်မှု၊ ရေပေးဝေရေး၊ အပျက်အစီးများဖယ်ရှားရှင်းလင်းရေးနှင့် အခြားအရေးကြီးသည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှောင့်နှေးမှုမရှိစေရန်နှင့် စက်သုံးဆီဆက်လက်ရရှိရေးအတွက် နောက်ထပ်ရန်ပုံငွေများ အရေးပေါ်လိုအပ်ကြောင်း OCHA က ပြောသည်။

**ဆင်ဟွာ**

## စက်ချွတ်ယွင်းမှုကြောင့် ANA ခရီးသည်တင်လေယာဉ် အိုကီနာဝါရှိ နာဟာလေဆိပ်သို့ အရေးပေါ်ဆင်းသက်

**တိုကျို စက်တင်ဘာ ၂၄**

All Nippon Airways (ANA) လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ပျံတက်ပြီးနောက်မကြာမီစက်ချို့ယွင်းမှုကြောင့် ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း အိုကီနာဝါရှိ နာဟာလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရပြီး လေယာဉ်ပေါ်ပါ ခရီးသည်များကို ဘေးကင်းရာသို့ ရွှေ့ပြောင်းစဉ် ခရီးသည်သုံးဦး အသေးစားဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

Flight 1502 သည် ကျူးရှူးဒေသရှိ ဆာဂါလေဆိပ်သို့ ဦးတည်ပျံသန်းလာခြင်းဖြစ်သည်။ စက်တင်ဘာ ၂၃ ရက် လေယာဉ်ပျံတက်ပြီးနောက် ည ၉ နာရီဝန်းကျင်တွင် ညာဘက်အင်ဂျင်ဆီအပူချိန်မြင့်တက်နေကြောင်း လေယာဉ်မှူးတစ်ဦးက သတိပြုမိခဲ့သည်။

လေယာဉ်သည် ည ၁၀ နာရီဝန်းကျင်တွင် နာဟာလေဆိပ်သို့ ဘေးကင်းစွာ ဆင်းသက်နိုင်ခဲ့သည်။ ခရီးသည် ၁၅၂ ဦးနှင့် လေယာဉ်



အမှုထမ်းခြောက်ဦးတို့သည် လေယာဉ်မှဆင်းသက်ရန် အရေးပေါ်လျှောများကို အသုံးပြုခဲ့ကြသည်။ မီးသတ်ယာဉ်များ စောင့်ဆိုင်းထားခဲ့သော်လည်း မီးခိုးထွက်ခြင်းနှင့် မီးလောင်ခြင်းတို့ ဖြစ်ပွားခဲ့ခြင်းမရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံ သယ်ယူပို့ဆောင်ရေး ဘေးကင်းလုံခြုံရေးဘုတ်အဖွဲ့က အဆိုပါဖြစ်စဉ်ကို ပြင်းထန်သော ဖြစ်စဉ်တစ်ရပ်အဖြစ် သတ်မှတ်ခဲ့ပြီး ယင်းနေရာသို့ စုံစမ်းစစ်ဆေးသူနှစ်ဦး စေလွှတ်ရန် စီစဉ်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## NASA နှင့် SpaceX တို့က အောက်တိုဘာ ၁ ရက်တွင် Crew-13 အာကာသမစ်ရှင်လွှတ်တင်ရန် ရည်မှန်းထား

**လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၂၄**

NASA နှင့် SpaceX တို့သည် နိုင်ငံတကာအာကာသစခန်းသို့ Crew–13 မစ်ရှင်အတွက် အောက်တိုဘာ ၁ ရက်တွင် အစောဆုံးလွှတ်တင်ရန် ရည်မှန်းထားကြောင်း NASA က စက်တင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

SpaceX ၏ Dragon အာကာသယာဉ်နှင့် Falcon 9 ဒုံးပျံတို့ကို ဖလော်ရီဒါပြည်နယ်ရှိ ကိပ်ကန်နာဗာရယ် အာကာသတပ်ဖွဲ့စခန်း (Cape Canaveral Space Force Station) မှ လွှတ်တင်ရန် စီစဉ်ထားကြောင်း NASA က ပြောကြားသည်။

အမှုထမ်းများသည် လွှတ်တင်ပြီးနောက် ကိုးနာရီထက်မနည်းကြာမြင့်ချိန်တွင် နိုင်ငံတကာအာကာသစခန်းသို့ရောက်ရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

**ဆင်ဟွာ**

## ပတ်ဝန်းကျင်၌ တိုက်ပွဲများဖြစ်ပွားနေသော်လည်း ၁၀ ရက်အတွင်း ဘက်အယ်လ်-မန်ဒက်ရေလက်ကြားကို ရေယာဉ် ၄၀၈ စင်း ဖြတ်သန်း

**ဆာနား စက်တင်ဘာ ၂၄**

အဓိက ရေလမ်းကြောင်းအနီး တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေချိန်တွင် စက်တင်ဘာ ၁၁ ရက်မှ ၂၀ ရက်အတွင်း မဟာဗျူဟာကျသည့် ဘက်အယ်လ်-မန်ဒက်ရေလက်ကြားကို ဖြတ်သန်းသွားသည့် ကုန်သွယ်ရေးရေယာဉ် ၄၀၈ စင်းရှိကြောင်း ယီမင်နိုင်ငံရှိ ဟူသီအုပ်စုက ယမန်နေ့က ပြောကြားသည်။

မြောက်ပိုင်း ပင်လယ်နီဘက်သို့ ရေယာဉ် ၁၉၆ စင်းနှင့် တောင်ပိုင်း အေဒင်ပင်လယ်ကွေ့ဘက်သို့ ရေယာဉ် ၂၁၂ စင်း ဦးတည်သွားရာ အဆိုပါကာလအတွင်း ကုန်သွယ်ရေးရေယာဉ် ၄၀၈ စင်း ဖြတ်သန်းသွားကြောင်း ဟူသီပိုင် အယ်လ်-မာဆီရာ ရုပ်မြင်သံကြားက ထုတ်လွှင့်ထားသည်။

နောက်ဆုံးရရှိသည့် အချက်အလက်များအရ စက်တင်ဘာ ၁ ရက်မှ ၁၀ ရက်အတွင်း မြောက်ပိုင်းသို့ ကုန်သွယ်ရေးရေယာဉ် ၁၉၉ စင်းနှင့် တောင်ပိုင်းသို့ ၁၉၄ စင်း သွားရောက်ခဲ့ရာ ကုန်သွယ်ရေးရေယာဉ် စုစုပေါင်း ၃၉၃ စင်း သွားရောက်ခဲ့ကြောင်း အဆိုပါအုပ်စုက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

## သီရိလင်္ကာ၌ မူကြိုကလေး ၆၄ ရာခိုင်နှုန်း သတ်မှတ်ချိန်ထက်ပို၍ ဒီဂျစ်တယ်ဖန်သားပြင် ကြည့်ရှုနေ

**ကိုလံဘို စက်တင်ဘာ ၂၄**

သီရိလင်္ကာနိုင်ငံ၌ မူကြိုကလေး ၆၄ ရာခိုင်နှုန်းသည် တစ်နေ့လျှင် မိုဘိုင်းဖုန်း၊ တက်ဘလက်နှင့် ကွန်ပျူတာများကို မိနစ် ၃၀ ထက်ပို၍ အသုံးပြုနေကြကြောင်း ကျန်းမာရေးဝန်ကြီး အနေးလ်ဂျာဆင်ဟေးလ်က စက်တင်ဘာ ၂၄ ရက်တွင် ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကလေးများအတွက် တစ်နေ့တာ Screen time အသုံးပြုချိန်ကို မိနစ် ၃၀ အောက်ထားရှိရန် အကြံပြုထားပြီး ကျန်းမာရေးဝန်ကြီးဌာနက ပြုလုပ်သည့် လေ့လာမှုအတွင်း ကလေး ၄၃ ရာခိုင်နှုန်းသည် အစာစားနေစဉ် ဖုန်း၊ တက်ဘလက်နှင့် အခြားဒီဂျစ်တယ်ဖန်သားပြင်များကို ကြည့်ရှုကြကြောင်း တွေ့ရှိခဲ့သည်။

အဆိုပါလေ့လာမှုသည် ကလေးပြုစုစောင့်ရှောက်မှုနှင့်ပတ်သက်၍စိုးရိမ်ဖွယ်ရာအချက်များကို မီးမောင်းထိုးပြနေကြောင်း ကျန်းမာရေးဝန်ကြီးက ပြောကြားသည်။

မိဘများ သို့မဟုတ် မူကြိုကလေးများကို ပြုစုစောင့်ရှောက်သူ ၅၆ ရာခိုင်နှုန်းသည် ကလေးများအပေါ် စိတ်ဆိုးဒေါသထွက်မိကြောင်း ဖြေဆိုခဲ့ကြသည်။ ဖခင်များသည် ကလေးပြုစုစောင့်ရှောက်ရာတွင် ပါဝင်မှုနည်းပါးပြီး ၅၃ ရာခိုင်နှုန်းခန့်သာ ကလေးပြုစုစောင့်ရှောက်မှုတွင် ပါဝင်ကြကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

## OpenAI ၏ AI အေးဂျင့်က ဩစတြေးလျအစိုးရ Medicare ဝက်ဘ်ဆိုက်သို့ ချိုးဖောက်ဝင်ရောက်

**ကန်ဘာရာ စက်တင်ဘာ ၂၄**

ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီ အယ်လ်ဘာနီးစ်က OpenAI ၏ AI အေးဂျင့်တစ်ခုသည် ဆေးဘက်ဆိုင်ရာ စာရင်းအင်းအချက်အလက်များ ဖော်ပြထားသည့် ဩစတြေးလျအစိုးရဝက်ဘ်ဆိုက်တစ်ခုသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခဲ့မှုနှင့်ပတ်သက်၍ အလွန်အမင်းစိုးရိမ်ကြောင်း စက်တင်ဘာ ၂၄ ရက်တွင် ပြောကြားသည်။

အဆိုပါဖြစ်စဉ်သည် ဇွန် ၁၈ ရက်တွင်ဖြစ်ပွားခဲ့ပြီး OpenAI ၏ AI အေးဂျင့်က ဩစတြေးလျအစိုးရ၏ Medicare စာရင်းအင်းအစီရင်ခံရေးဝန်ဆောင်မှု ဝက်ဘ်ဆိုက်သို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း အယ်လ်ဘာနီးစ်က နယူးယောက်မြို့၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အဆိုပါဝက်ဘ်ဆိုက်သည် ဩစတြေးလျ၏ Medicare စနစ်နှင့် သက်ဆိုင်သည့် ဆေးဘက်ဆိုင်ရာ စာရင်းအင်းများနှင့် အသုံးစရိတ်ဆိုင်ရာအချက်အလက်များကို အများပြည်သူကြည့်ရှုနိုင်ရန် ဖော်ပြထားသည့် ဝက်ဘ်ဆိုက်ဖြစ်သည်။ OpenAI ၏ AI အေးဂျင့်သည် ဩစတြေးလျနိုင်ငံနှင့်ပတ်သက်သည့် အချက်အလက်များကို ရှာဖွေလေ့လာနေစဉ်



အများပြည်သူကြည့်ရှုနိုင်သည့် ဖိုင်များအပြင် အများပြည်သူကြည့်ရှုခွင့်မရှိသည့် ဖိုင်အချို့ကိုပါ ဝင်ရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

OpenAI သည် ယင်းဖြစ်စဉ်ကို ဩဂုတ်လတွင်သိရှိခဲ့ပြီး ဩစတြေးလျ အစိုးရကို စက်တင်ဘာ ၁၀ ရက်တွင် အကြောင်းကြားခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ဖြစ်စဉ်ဖြစ်ပွားသည့် ဇွန် ၁၈ ရက်မှ အစိုးရထံ အကြောင်းကြားသည့် အချိန်အထိ သုံးလနီးပါးကြာမြင့်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အဝေးထိန်း အာရုံခံစနစ်သုံး ဂြိုဟ်တုအုပ်စုသစ် တရုတ် လွှတ်တင်

**ထိုက်ယွမ် စက်တင်ဘာ ၂၄** – တရုတ်နိုင်ငံသည် နိုင်ငံမြောက်ပိုင်း ရှန်းရှီးပြည်နယ်ရှိ ထိုက်ယွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ အဝေးထိန်းအာရုံခံစနစ်သုံး ဂြိုဟ်တုအုပ်စုသစ်ကို စက်တင်ဘာ ၂၄ ရက်တွင် လွှတ်တင်လိုက်ကြောင်း သိရသည်။ Yaogan–40 04 အမည်ရှိ အဆိုပါ ဂြိုဟ်တုအုပ်စုကို လောင်းမာ့ချ် – ၆ သယ်ဆောင်ရေးဒုံးပျံဖြင့် ပေကျင်းစံ တော်ချိန် ညနေ ၄ နာရီ ၄၆ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး သတ်မှတ်ဂြိုဟ်ပတ်လမ်းအတွင်းသို့ အောင်မြင်စွာဝင်ရောက်နိုင်ခဲ့သည်။ အဆိုပါဂြိုဟ်တုများကို လျှပ်စစ်သံလိုက်ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများကို ထောက်လှမ်းခြင်းနှင့် ဆက်စပ်နည်းပညာဆိုင်ရာ စမ်းသပ်မှုများအတွက် အသုံးပြုသွားမည်ဖြစ်သည်။

**ဆင်ဟွာ**

## မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ စင်ကာပူနိုင်ငံ ကြက်ခြေနီအသင်းက Distinguished Friend of Singapore Red Cross Award ချီးမြှင့်




**ရန်ကုန် စက်တင်ဘာ ၂၄**
စင်ကာပူနိုင်ငံ၌ စက်တင်ဘာ ၂၂ ရက်က ကျင်းပခဲ့သည့် Singapore Red Cross Awards Ceremony အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းကို စင်ကာပူနိုင်ငံကြက်ခြေနီအသင်းက "Distinguished Friend of Singapore Red Cross Award" ဂုဏ်ပြုဆု ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဂုဏ်ပြုဆုကို စင်ကာပူနိုင်ငံသမ္မတနှင့် စင်ကာပူနိုင်ငံကြက်ခြေနီအသင်း၏ နာယကဖြစ်သူ His Excellency Mr. Tharman Shanmugaratnam က ပေးအပ်ချီးမြှင့်ရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့် တက်ရောက်လက်ခံရယူခဲ့သည်။(ယာပုံ)

ယခုဂုဏ်ပြုဆုသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် စင်ကာပူနိုင်ငံ ကြက်ခြေနီအသင်းတို့အကြား ရေရှည်တည်ရှိခဲ့သည့် မိတ်ဖက်ဆက်ဆံရေး၊ အပြန်အလှန်ပံ့ပိုးမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အသိအမှတ်ပြု ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ




**နေပြည်တော် စက်တင်ဘာ ၂၄**
နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား လူငယ်များအား မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းမှတ်တမ်းများနှင့် အစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)(ရွှေနံ့သာ)နှင့် အခြေခံပညာ အထက်တန်းကျောင်း(ငန်းစပ်)၊ ဒက္ခိဏသီရိမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)(မန်ကျီးကုန်း)၊ တပ်ကုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(ဒဟတ်ကုန်း)နှင့် အခြေခံပညာ အထက်တန်းကျောင်း (အလယ်ကျွန်း) ကျောင်းတို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများအတွက် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

**သတင်းစဉ်**

## ကျောင်းသားလူငယ် ဖြော်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၄**
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဖြောင့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်းကို တည်ဆောက်နိုင်ရန် လူငယ်များ၏အခန်းကဏ္ဍကို မြှင့်တင်ရန် ရည်ရွယ်၍ လူငယ်ကဏ္ဍ အသိပညာပေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ ဖြောင့်မတ်တည်ကြည်သည့် လူ့အဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့ကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှု မှန်ကန်စေရန်အတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေး(Edutainment) အစီအစဉ်များကို အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့်များမှ စတင်၍ အသိပညာပေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အထက (၂၁)၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အလက(၁)၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် အထကခွဲ(၂၅)နှင့် မွန်ပြည်နယ် မုဒုံမြို့ အထက(ခွဲ) ကော့ခပုံတို့တွင် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၄၆၂ ဦးတို့ကို ကော်မရှင်ရုံးနှင့် ကော်မရှင်ရုံးခွဲရှိ ဝန်ထမ်းများက ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်) စာအုပ်များမှ သင်ခန်းစာပါအကြောင်းအရာများကို အခြေခံ၍ အသိပညာပေးဆွေးနွေး ဆောင်ရွက်ခဲ့ပြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း ကော်မရှင်ရုံးနှင့် ရုံးခွဲများရှိဝန်ထမ်းများက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်မြို့များနှင့် နီးစပ်ရာမြို့များရှိ အခြေခံပညာကျောင်းများ၌ Edutainment အစီအစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

* *ကျောဖုံးမှ*

ချယ်ဆီးအမျိုးသမီးအသင်းသည် အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲကွာတားဖိုင်နယ်သို့ လေးနှစ်ဆက်တက်လှမ်းထားနိုင်သည့် အသင်းဖြစ်သည်။ ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲသို့ ချယ်ဆီး၊ အာဆင်နယ်၊ မန်စီးတီး စသည့်အင်္ဂလန်ကိုယ်စားပြု အသင်းသုံးသင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ပွဲစဉ်(၁)အပြီးတွင် အဆိုပါသုံးသင်းစလုံး ရှုံးပွဲကြုံတွေ့ထားခြင်း မရှိအောင် စွမ်းဆောင်ထားနိုင်သည်။

ချယ်ဆီးအသင်းသည် ဝီအန်အသင်းကို ပွဲချိန်တစ်လျှောက် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်း ခံစစ်နှင့် ဂိုးသမားတို့အကောင်းဆုံးဟန့်တားကာကွယ်ထားနိုင်မှုကြောင့် နိုင်ပွဲရရေး ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရသည်။ ချယ်ဆီးအသင်းသည် လာမည့်ချန်ပီယံလိဂ်ပွဲစဉ်(၂)တွင် အမျိုးသမီးချန်ပီယံလိဂ်ဖလားကို ရှစ်ကြိမ်အထိ ဆွတ်ခူးရရှိထားသည့် လိုင်ယွန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အခြားပွဲစဉ်ရလဒ်တွင် နာမည်ကြီး ဘာစီလိုနာအသင်းက ပါရီအက်ဖ်စီအသင်းကို အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး ငါးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

**အောင်ဇော်**

## အမျိုးသမီးငယ်များကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်နှစ် ၂၀ ချမှတ်

**နေပြည်တော် စက်တင်ဘာ ၂၄**
အမျိုးသမီးငယ်များကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ ချမှတ်ပြီး တိမ်းရှောင်တရားခံ မိုးမိုးအောင်(ခ)မမိုးနှင့် မဖြူ(ခ)အဖြူတို့ နှစ်ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဇီးကုန်းကျေးရွာ (၂၄)ရပ်ကွက်နေ အမျိုးသမီးနှစ်ဦးကို တစ်ရွာတည်းနေ မိုးမိုးအောင်(ခ)မမိုး၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သုခ(၂)ရပ်ကွက်နေ ခက်ခက်(ခ)နီနီဝင်း(ခ)မနီနှင့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁) ရပ်ကွက်နေ မဖြူ(ခ)အဖြူတို့က တရုတ်နိုင်ငံ၌ တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ပါက ငွေကျပ်သိန်း ၉၀/၁၀၀ ရရှိမည်၊ i Phone လည်းကိုင်ရမည်၊ အေးဆေးနေထိုင်ရမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် ရွှေမန္တလာခရီးသည်တင် မော်တော်ယာဉ်ဖြင့် မန္တလေးမြို့သို့ ခေါ်ဆောင်လာကြောင်း စိစစ်သိရှိရသဖြင့် အောင်မြေသာစံမြို့နယ် အမှတ်(၁) နယ်မြေရဲစခန်း(ပ)၄၆/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး စက်တင်ဘာ ၂၁ ရက်တွင် အောင်မြေသာစံခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ခက်ခက်(ခ)နီနီဝင်း(ခ)မနီကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့် ထောင်ဒဏ်နှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မိုးမိုးအောင်(ခ)မမိုးနှင့် မဖြူ(ခ)အဖြူတို့ နှစ်ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### (၂၄-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၅.၃ ~ ၃၆၇၀ | ၅၅၈.၁ ~ ၅၅၈.၇ | ၁၂၅.၆ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ | ၁၃,၉၇၂,၄၄၉.၂၅ | ၁၁,၂၇၃,၁၂၂.၃၀ | ၅၅,၀၅၉,၉၄၅.၉၅ | ၁,၀၄၄,၄၅၀.၀၀ |

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်း ရန်ကွာ စိတ်ချမ်းသာ

# ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရေဝတီတိုင်းဒေသကြီးရှိ မြို့နယ် ငါးမြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၂၄**

ရေဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ်ပွဲကျမှုဖြစ်ပွားခဲ့သည့်နေရာနှင့် အဆိုပါနေရာအနီး တစ်ဝိုက် မြစ်ရေတိုက်စားမှုကြောင့် မြေသားထပ်မံပြိုကျမှု ဖြစ်ပေါ်ခဲ့သည့် နေရာများတွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တာကိုယ်ထည်တိုက်စား၍ အိပ်ပွဲပြိုကျမှု ဖြစ်ပေါ်လျက်ရှိသည့် နေရာများ၌ ရေတိုက်စားမှုကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ တာမိုင်အမှတ် (၁၂ / ၂) ပေ ၅၀၀ နှင့် (၁၂ /၃) ကြားတွင် မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ ယာယီပန်းတာ အလျား ပေ ၃၀၀ ပေါ်တွင် သဲအိတ်ဆင့်ခြင်းနှင့် ကမ်းရင်းတာခြေတုတ်ရိုက်သဲဖြည့်ခြင်း၊ တာမိုင်အမှတ် (၁၁/၅) နှင့် (၁၁/၆)ကြားတွင် ယာယီပန်းတာ တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကိုနယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရေဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရပ်ကွက်၊ ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိရပ်ကွက် ၁၇ ခုနှင့် ကျေးရွာအချို့တို့တွင် ယနေ့ထိရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါ ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ ငဝန်ပန်းတာရေဝင်လမ်းအား (Geobags) အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်း၊ Steel Sheet Pile များ တောင့်တင်းခိုင်မာစေရန်အတွက် (Geobags) အိတ်များချခြင်း၊ (Jumbo Bag) အိတ်များချခြင်း လုပ်ငန်းများအား လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရွှေတောင်မြို့နယ်၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့်UIDကတ်များ ကွင်းဆင်းဆောင်ရွက်

**ရွှေတောင် စက်တင်ဘာ၂၄**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ ယမန်နေ့နံနက်ပိုင်းက ရွှေတောင်အခြေခံပညာနှင့်စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဆွေဦးဆောင်သည့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသည့် အသက်(၁၀)နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသား စိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းနှင့် UID ကတ်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ ပြည်ခရိုင်ဦးစီးမှူးဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့ လာရောက်ကြည့်ရှု အားပေးပြီး နိုင်ငံသားကတ်နှင့် UID ကတ်များအား ကျောင်းသား ကျောင်းသူများ လက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။(ဓာတ်ပုံ)

**ကိုကိုမင်း(ပြန်/ဆက်)**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၁၇၉ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၂၄**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်း ဖြစ်ပေါ်မှုများအရ စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၁၇၉ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီက အသိပေး ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Pageနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## စလင်းမြို့နယ်၌ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

**စလင်း စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ်(၃/၂၀၂၆)သင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ စက်တင်ဘာ ၂၁ ရက်က ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသီးဟဇော်တို့က ဦးဆောင်ရှင်းလင်းဆွေးနွေးသည်။(ဓာတ်ပုံ)

သင်တန်းကို မြို့နယ်အဆင့်ဌာနဆိုင်ရာ သင်တန်းနည်းပြများက ပို့ချသင်ကြားကာ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၆ အုပ်စုမှ အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး ၁၀၈ဦးတို့ တက်ရောက်ခဲ့သည်။



**မောင်လွင်(စလင်း)**

## မင်းလှမြို့ ပြည်သူ့ဆေးရုံ၌ အရန်သားဖွား (သစ်လွင်) သင်တန်းဖွင့်

**မင်းလှ စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး မင်းလှမြို့၌ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အရန်သားဖွား (သစ်လွင်) သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၂ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ရဲမှူးစိန်ဝင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုးဝဏ္ဏတို့က မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှုအား ကျေးလက်ဒေသအောက်ခြေအထိ ပိုမိုလက်လှမ်းမီ ရရှိစေရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုတိုးတက်စေရေး ရှင်းလင်းဆွေးနွေးကာ သင်တန်းသူ ၁၉ ဦးအား စက်တင်ဘာ ၂၂ ရက်မှစ၍ ခြောက်လကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## မော်လမြိုင်မြို့၌ အိမ်၊ ခြံ၊ မြေဝန်ဆောင်မှု အခွန်ပညာပေးရှင်းလင်း

**မော်လမြိုင် စက်တင်ဘာ ၂၄**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူများအား အခွန်ပညာပေးရှင်းလင်းပွဲကို စက်တင်ဘာ ၂၂ ရက်က မော်လမြိုင်မြို့ Sunshine Hotel ၌ ပြုလုပ်ရာ ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး နိုင်လယိတမက ငွေကြေးဖောင်းပွမှု မပေါ်ပေါက်ရေး၊ စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုကို အခွန်စနစ်ဖြင့် ထိန်းညှိပေးနိုင်ရေး၊ တားမြစ်လိုသော ကုန်စည်များကို အခွန်အကောက် စနစ်ဖြင့် ဟန့်တားနိုင်ရေး ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်မှုများကို ပြောကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာန ပြည်နယ်အခွန်ဦးစီးဌာနမှူးက အခွန်ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

**စည်သူ(ပြန်/ဆက်)**



## ကျိုက်ထိုမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသူများနှင့်တွေ့ဆုံ

**ကျိုက်ထို စက်တင်ဘာ ၂၄**

မွန်ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမင်းမြင့်မောင်လေးသည် စက်တင်ဘာ ၂၁ ရက်က ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိကြသည့် ပြည်သူ့



စစ်မှုထမ်းများအား တွေ့ဆုံနှုတ်ဆက်ကာ ဂုဏ်ပြုစကားပြောကြားခဲ့ပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးသည် ကျိုက်ထိုမြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး မှာကြားခဲ့သည်။

ဆက်လက်၍ မွန်ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဇေယျာဦးသည် ကော့ထင်းကျေးရွာသို့ သွားရောက်ကာ ပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ပြည့်ဖြိုး(ပြန်/ဆက်)

## မတ္တရာမြို့နယ်၌ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

**မတ္တရာ စက်တင်ဘာ ၂၄**

မတ္တရာမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းကို စက်တင်ဘာ ၂၁ ရက်က အထက(စလွန်ဖြူ) ကျောင်းခန်းမ၌ ကျင်းပရာ အောင်မြေသာစံခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်နှင့် ခရိုင်ဥပဒေအရာရှိ ဦးအောင်ကျော်ဦးတို့က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေအခြေခံ သင်ခန်းစာများကို ဆွေးနွေးပို့ချသည်။



အဆိုပါသင်တန်းကို စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၁၆ရက်အထိ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးပို့ချသွားမည်ဖြစ်သည်။ **ရွှေရာသား**

## အွန်လိုင်းလျှပ်စစ်မီတာများ တပ်ဆင်ပေးနိုင်မှုစစ်ဆေး



**ရမည်းသင်း စက်တင်ဘာ ၂၄**

ရမည်းသင်းခရိုင် လျှပ်စစ်မန်နေဂျာရုံးလက်အောက်ရှိ မြို့နယ်များအတွင်း မီးသုံးစွဲလိုသည့် ပြည်သူများ လွယ်ကူလျင်မြန်စွာ မီတာတပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၅ ရက်မှ စက်တင်ဘာ ၂၁ ရက်အထိ အွန်လိုင်းမီတာ လျှောက်ထားမှု စုစုပေါင်း ၁၀၀၈ လုံးရှိပြီး အများပြည်သူများထံ အဆိုပါမီတာများ အမြန်ဆုံး တပ်ဆင်ပေးနိုင်ရေးအတွက် ခရိုင်လျှပ်စစ်မန်နေဂျာ၊ ဒုတိယခရိုင် လျှပ်စစ်မန်နေဂျာတို့ ဦးဆောင်၍ မီတာတပ်ဆင်မှုများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။ ထိုသို့ ဆောင်ရွက်ပေးရာတွင် စက်တင်ဘာ၂၁ရက်အထိ စုစုပေါင်း ၆၈ လုံး တပ်ဆင်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **ခရိုင်(လျှပ်စစ်)**

## ချောင်းဆုံမြို့နယ် မုရစ်ကြီး-ဇီးကုန်းကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်

**ချောင်းဆုံ စက်တင်ဘာ ၂၄**

ချောင်းဆုံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မုရစ်ကြီး-ဇီးကုန်း ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ဒုတိယပတ်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ မွန်ပြည်နယ် တာဝန်ခံအင်ဂျင်နီယာချုပ်(မြို့ပြ)နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မွန်ပြည်နယ် ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ကျေးရွာချင်းဆက်လမ်း အရှည် လေးဖာလုံ၊ အကျယ် ၁၂ ပေ ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **ကိုကျော်(ချောင်းဆုံ)**





## ထန်းတပင်မြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

**ထန်းတပင် စက်တင်ဘာ ၂၄**

ထန်းတပင်မြို့နယ်အတွင်းရှိ သွေးတိုး၊ ဆီးချို၊ နှလုံးသွေးကြောကျဉ်းရောဂါဝေဒနာရှင်များအတွက် အပတ်စဉ် ဗုဒ္ဓဟူးနေ့ နံနက် ၈ နာရီတိုင်းတွင် မြို့နယ်ပြည်သူ့ဆေးရုံ ရိပ်သာဆောင်ခန်းမ၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မြို့နယ်နှင့် အနီးအနားရှိ အသက်(၄၀)နှင့်အထက် သက်ကြီးရွယ်အိုများ၊ သွေးတိုး၊ ဆီးချို၊ နှလုံးသွေးကြောကျဉ်းရောဂါအခံရှိသူများ၊ နာတာရှည်ဝေဒနာရှင်များ စိတ်အေးချမ်းသာစွာ ကျန်းမာရေးစစ်ဆေးမှုများ ခံယူနိုင်ရန် စမ်းသပ်စက်ကိရိယာများဖြင့် စစ်ဆေးဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့် ဆေးကုသမှုများ ခံယူနိုင်စေရန် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## ညောင်တုန်းမြို့နယ်၌ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

**ညောင်တုန်း စက်တင်ဘာ ၂၄**

ညောင်တုန်းမြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း (၃/၂၀၂၆) ဖွင့်ပွဲကို စက်တင်ဘာ ၂၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်က ရပ်ရွာအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

သင်တန်းတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၅၄ အုပ်စုမှ အုပ်ချုပ်ရေးမှူးများအား သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေ၊ နည်းဥပဒေများကို တစ်လကြာ သင်တန်းပို့ချသွားမည်ဖြစ်သည်။

မြို့နယ်(ပြန်/ဆက်)





## ကန်ကြီးထောင့်မြို့နယ်၌ ကျေးလက်လမ်း၊ တံတား လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ကန်ကြီးထောင့် စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် တာဝန်ရှိသူများက ကန်ကြီးထောင့်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော (ကံကုန်း-မြောင်းမြ)လမ်းမှ ခရောင်းကွင်း-ပုလဲကူး-ပေပင်စာဖြူစုလမ်း ကျောက်လမ်းခင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၂ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးရန်နှင့် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာ ၁၀ ရွာရှိ ဒေသခံပြည်သူများ ရာသီမရွေး သွားလာနိုင်မည်ဖြစ်သည်။

ကျော်ဇင်စိုး (ပြန်/ဆက်)



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်းနှင့် ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၅၁ ဦးတို့က စက်တင်ဘာ ၂၃ ရက်တွင် မြစ်သားမြို့ မြို့မအရှေ့ရပ်ကွက် ထီးဖြူရုံစေတီတော်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ဝါဝါမြင့်(မြစ်သား)



စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၂ ရက်က ထားဝယ်မြို့ ပန်းကံ့ကော်ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုးမိုးခိုင်နှင့် ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ရည်မှန်းချက်၊ လူငယ်နှင့် Social Media၊ လူငယ်နှင့် EQ၊ IQ၊ AQ၊ လူငယ်နှင့်အားကစား ခေါင်းစဉ်များဖြင့် ဆွေးနွေးစဉ်။

ခရိုင်(ပြန်/ဆက်)



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် လဲချားမြို့ရဲတပ်ဖွဲ့မှူး (ယာယီ) ရဲမှူးစန်းနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၂ ရက်တွင် လဲချားမြို့ မြို့နယ်သီလရှင်ကျောင်းတိုက်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## ကျိုက်ထိုမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ကျိုက်ထို စက်တင်ဘာ ၂၄**

မွန်ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးဇေယျာဦးနှင့်အဖွဲ့သည် စက်တင်ဘာ ၂၂ ရက်က ဘုရားကြီး-မော်လမြိုင်လမ်းပေါ်ရှိ မိုင် (၄၄/၀မှ ၄၄/၂) အတွင်း မိုးဒဏ်ကြောင့် ပျက်စီးသွားသော ကတ္တရာလမ်း ကွက်ဖာလုပ်ငန်း ဆောင်ရွက်ခြင်း၊ လမ်းပေါက်ဖာခြင်း၊ လမ်းဘေးဝဲယာချုံရှင်းခြင်း၊ ရေနုတ်မြောင်းများ ကောင်းမွန်စေရန်လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝင်းကလော လမ်းဆုံ ၃၃ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ပြီးစီးမှုနှင့် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ လျှပ်စစ်ဓာတ်အားလိုင်း တည်ဆောက်ပြီးစီးမှု၊ ကင်မွန်းစခန်းခွဲရုံမှ ဒေသတွင်း လျှပ်စစ်ဓာတ်အား ပံ့မှန်ဖြန့်ဖြူးပေးနေမှု၊ ဝန်ထမ်းမိသားစုများ၏ အိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားရှိသည့် Home Garden စိုက်ပျိုးရေးခြံများသို့ ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ဘုရားကြီး-မော်လမြိုင် - ထားဝယ် - မြိတ် - ဘုတ်ပြင်း-ကော့သောင်းလမ်း ဘီးလင်းမိုင်တိုင်( ၆၄/၆မှ၆၄/၇)အတွင်း၊ သထုံမိုင်တိုင် (၆၄/၇)နှင့် ပေါင်မိုင်တိုင်(၁၁၃/၁နှင့် ၁၁၃/၂)ကြား လမ်းပျက်စီးမှုများကို ပြုပြင်နေမှု၊ လမ်းပေါက်ဖာခြင်း၊ လမ်းဘေးဝဲယာ ချုံရှင်းခြင်း၊ ရေနုတ်မြောင်းများ ကောင်းမွန်စေရန် လုပ်ငန်း ဆောင်ရွက်မှုများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)

## ခန္တီးမြို့၌ ကျေးရွာမြစိမ်းရောင်စီမံကိန်း ရန်ပုံငွေထုတ်ချေး

**ခန္တီး စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၂၁ ရက်က လင်းဖားကျေးရွာ၌ ဆောင်ရွက်ပေးရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထက်ဥမ္မာခင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်



ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့၏ ရန်ပုံငွေ ထုတ်ချေးဆောင်ရွက်မှု၊ စာရင်းရေးသွင်းမှုများနှင့် အသင်းဝင်များ၏ လုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက် ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ်အတွက် မြစိမ်းရောင် ရန်ပုံငွေကျပ်သိန်း ၄၀၀ ကို ကျေးရွာရှိ ဒေသခံပြည်သူ စိုက်ပျိုးရေးလုပ်ငန်းရှင် ၂၁ ဦး၊ မွေးမြူရေးလုပ်ငန်းရှင် ၁၃ ဦး၊ အရောင်းအဝယ်လုပ်ငန်းရှင် ခြောက်ဦး စုစုပေါင်း ၄၀ တို့အား အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## လယ်ဝေးမြို့နယ် သာဝတ္ထိအခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး

**လယ်ဝေး စက်တင်ဘာ ၂၄**

လယ်ဝေးမြို့နယ် သာဝတ္ထိအခြေခံပညာအထက်တန်းကျောင်း၌



စက်တင်ဘာ ၂၂ ရက်က စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်းကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က ဦးဆောင်ဆွေးနွေးပြီး လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် ရည်မှန်းချက်၊ လူငယ်နှင့် အောင်မြင်ရေး၊ လူငယ်နှင့်စာဖတ်ခြင်း စသည့်ခေါင်းစဉ်များဖြင့် ကျောင်းသား ကျောင်းသူများက ဆွေးနွေးသည်။

ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရေနံချောင်းမြို့နယ်၌ မြို့နယ်အဆင့် အရန်သားဖွားဆရာမသင်တန်းဖွင့်

**ရေနံချောင်း စက်တင်ဘာ ၂၄**

ရေနံချောင်းမြို့နယ်၌ မြို့နယ်အဆင့် အရန်သားဖွားဆရာမသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၁ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုမောင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်လင်းတို့က အရန်သားဖွားဆရာများအား သင်ကြားပေးမည့် နည်းစနစ်များ နှင့် သင်တန်းပြီးမြောက်ပါက ဆက်လက်လေ့လာဆည်းပူး



ရမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ခြောက်လကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (ပုသိမ်)၌ မောင်မယ်သစ်လွင် ကြိုဆို

**ပုသိမ် စက်တင်ဘာ ၂၄**

သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာ သင်တန်းကျောင်း(ပုသိမ်)မှ ကြီးမှူးကျင်းပသည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲကို စက်တင်ဘာ ၂၁ ရက်က အဆိုပါသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ကြီးက မောင်မယ်သစ်လွင်များအား နိုင်ငံနှင့် လူ့အဖွဲ့အစည်း



အတွက် အားကိုးရသည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာစေရန် နှုတ်ခွန်းဆက်စကားပြောကြားပြီး သင်တန်းသား သင်တန်းသူများက အကအလှများဖြင့် ဖျော်ဖြေခဲ့ကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး သမဝါယမဦးစီးမှူး၊ ဆက်စပ်ဌာနများမှ တိုင်းဒေသကြီး ဦးစီးမှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် သင်တန်းသားသင်တန်းသူ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

သန့်ဇင်(ပြန်/ဆက်)

## လေးမျက်နှာနှင့် ဟသ္သာတမြို့နယ်ရှိ ရေနစ်မြုပ်သည့် ကျေးလက်လမ်း/တံတားများ ကြည့်ရှုစစ်ဆေး

**ဟသ္သာတ စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်နှင့် ဟသ္သာတမြို့နယ်များရှိ ရေနစ်မြုပ်လျက်ရှိသော ကျေးလက်လမ်း/တံတားများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စက်တင်ဘာ ၂၁ ရက်တွင် ကြည့်ရှု စစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ကျော်လူနှင့် တာဝန်ရှိသူများက ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် လေးမျက်နှာမြို့နယ်နှင့် ဟသ္သာတမြို့နယ်များရှိ ရေနစ်မြုပ်လျက်ရှိသော ကျေးလက်လမ်း/တံတားများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ခရိုင်ရဲတပ်ဖွဲ့နှင့်အတူ ပြည်ရထားရဲစခန်းမှ စခန်းမှူးရဲအုပ်ကျော်ကျော်ထွန်းဦးစီး၍ တပ်ဖွဲ့ဝင်ငါးဦးက ပြည်မြို့ ခုတင် (၅၀၀) အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာ ၂၂ ရက်က စုပေါင်းသွေးလှူဒါန်းစဉ်။ ခရိုင်(ပြန်/ဆက်)



## နောင်ချိုမြို့နယ်၌ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

**နောင်ချို စက်တင်ဘာ ၂၄**

နောင်ချိုမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း (၃/၂၀၂၆)ဖွင့်ပွဲကို စက်တင်ဘာ ၂၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူလင်းက အုပ်ချုပ်ရေးလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ထိရောက်မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်တတ်စေရန်၊ ရုံးလုပ်ငန်းများ လျင်မြန်ချောမွေ့စေရန်နှင့် ခေတ်နှင့်အညီ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို ရက်သတ္တ လေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ




**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## အများသိစေရန်ကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/မာန်ပြေ)၊ မြေကွက်အမှတ်(၁၃၅၁/ခ)၊ ဧရိယာပေ (၂၀ x ၆၀)၊ မြေကွက်တည်နေရာ - အမှတ် (၃)၊ မာန်ပြေ (၂၁) လမ်းအနောက်၊ (၃/မာန်ပြေ) ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမောင်မောင် (CE- ၁၁၁၃၀၁) အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် - ၃၀၅၉/၂၀၂၆ (၈-၄-၂၀၂၆) ဖြင့် ပိုင်ဆိုင်သူများဖြစ်သော ဒေါ်အေးစန္ဒာမောင် (၁၂/သကတ(နိုင်) ၁၉၂၉၁၄)၊ ဒေါ်မိုးစန္ဒာမောင် (၁၂/သကတ(နိုင်) ၁၉၉၀၀၅)တို့မှ နှစ် (၆၀) ဂရန်မူရင်းမှာ အထားအသိုမှားယွင်း၍ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ နှစ် (၆၀) ဂရန်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ သာကေတမြို့မရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ပိုင်ဆိုင်စာချုပ်တို့တင်ပြ၍ မိတ္တူမှန်လျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူမှန်ထုတ်ပေးမည်ဖြစ်၍အမှုတွဲအမှတ် - သကတ/၃/မာန်/၀၆၉၈/၉၃အရ(၆-၉-၉၃) ဖြင့်မူလထုတ်ပေးထားသည့် ဦးမောင်မောင် (CE-၁၁၁၃၀၁) အမည်ပေါက် နှစ် (၆၀) မြေငှားစာချုပ်ဂရန်မူရင်းစာအုပ် အား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/6857 + 1L/6931 + 1L/6644 + 1L/ 6783 ၏ ဖောင်းကြွနံပါတ်ပြား (၁)ချပ် ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန**
**(ရွှေသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 19W/73580, ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ခင် ၇/အတန(နိုင်)၀၄၃၆၉၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/51789, ယာဉ်လက်ဝယ်ရှိသူ စောဆန်းဒေါင်း ၇/တငန(နိုင်)၁၀၅၂၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**




## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၄**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေအခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2H/1685, Mitsubishi RVRGA3W, S/W (4x4) R ယာဉ်လက်ဝယ်ရှိသူ ဦးရဲထက်နိုင် ၉/အမဇ(နိုင်) ၀၈၆၉၂၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့၊ ရပ်ကွက် (၁၀)၊ အကွက်အမှတ်နှင့်အမည်(၃၃/ဗိုလ်ကုန်းရပ်)၊ ဦးပိုင်အမှတ် (၃/၁၁-ခ)၊ မြေကွက်အမှတ် (11/46)၊ ဧရိယာ ၀ ဒသမ ၆၇၇ ဧကရှိမြေကွက်အား ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ ၁၅-၁၁-၂၀၂၂ ရက်စွဲပါ အမှုတွဲအမှတ် (၂၆/၂၀၂၂) အရ (၁၀)နှစ် သက်တမ်းရှိမြေငှားဂရန်အား ဦးဝင်းကိုကို အမည်ဖြင့် ထုတ်ပေးထားရှိပြီးဖြစ်ပါသည်။ ယင်းမြေကွက်အား ဦးဝင်းကိုကိုထံမှ ဦးမင်းမင်းသည် မြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး ကလောမြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ ၂-၅-၂၀၂၅ ရက်စွဲပါ စာချုပ်အမှတ် (၆၄/၂၀၂၅)အရ မှတ်ပုံတင်ထားရှိပြီးဖြစ်သဖြင့် ဦးမင်းမင်း (၁၂/လသန(နိုင်)၀၁၆၆၀၃) အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် မည်သူမဆိုကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက် သည့်ရက်အတွင်း ကျိုးကြောင်းဖော် ပြချက်ခိုင်လုံစွာဖြင့် ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလောမြို့**

**သစ်တောတွေထိန်း၊ တောတွေစိမ်းမှ ငြိမ်းချမ်းပြည်ရွာ နိုင်ငံသာ၏။**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှဆောင်ရွက်လျက်ရှိသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုရန် ROAM Filter Ultra 2500 L နှင့် Compressor (diesel engine) with accessories များ ဝယ်ယူရန်အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံများထုတ်ယူရမည့်နေ့ရက်နှင့်အချိန်** - ၂၅-၉-၂၀၂၆ရက် (ရုံးချိန်အတွင်း)
**တင်ဒါပုံစံများနောက်ဆုံးထုတ်ယူရမည့်နေ့ရက်နှင့်အချိန်** - ၅-၁၀-၂၀၂၆ရက်(ရုံးချိန်အတွင်း)
**တင်ဒါပုံစံများနောက်ဆုံးတင်သွင်းရမည့်နေ့ရက်နှင့်အချိန်** - ၈-၁၀-၂၀၂၆ရက် (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံများ ထုတ်ယူရမည့်နေရာ** - (၁) မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံးခွဲ) အမှတ် (၄၂) စတုတ္ထအထပ်၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
**ဆက်သွယ်ရမည့်ဖုန်းနံပါတ်** - ၀၁-၈၃၉၂၀၂၈-၃၀ (လိုင်းခွဲ-၁၁၉)၊ ၀၉-၈၇၇၉၃၈၅၈၆

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းအသေးစိတ် အချက်အလက်များအားသိရှိလိုပါက အထက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

---

## "Shan Maw Myae Travel Company Limited"

**မြန်မာနိုင်ငံ လူမှုခံယူခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၅၂(က)၊ နည်းဥပဒေ ပုဒ်မ (၁၅) အရ ကုမ္ပဏီအားဆန္ဒအလျောက် တရားဝင်ဖျက်သိမ်းခြင်း**

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၂၂)ရက်တွင် ကျင်းပသော အစုရှယ်ယာရှင်ဒါရိုက်တာအားလုံး တက်ရောက်သည့် အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်သက်မာစိုး (PAPP-900) ထံသို့ ( ၂၆ -၁၀-၂၀၂၆) ရက် နောက်ဆုံးထား စာရင်းရှင်းလင်းမှုများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သက်မာစိုး**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ ခမုံဆိပ်ကျေးရွာအုပ်စု၊ အထက ခမုံဆိပ် Grade-11 မှ မလယမင်း၏ ဖခင် ဦးဇော်မင်းဦးနှင့် ဦးမင်းမင်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးဇော်မင်းဦး(ခ)ဦးမင်းမင်း**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ အလည်ရွာမှ ခုံအမှတ် (မက-၁၁၇၁/၂၀၁၄)ဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သော မောင်ဆန္ဒအောင်၏ ဖခင်အမည်မှန်မှာ ဦးသံလုံး(ခ)ဦးကြည်မြင့် ဖြစ်ပါကြောင်း။

**ဦးသံလုံး(ခ)ဦးကြည်မြင့်**

---

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့၊ အထက စံထူး၊ စံပြ၊ အဏ္ဏဝါကျောင်း G-12မှ မသဇင်မြင့် ၁၄/ငပတ(နိုင်) ၃၀၄၅၇၈၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့်မှတ်ပုံတင်အရ ဦးချစ်သဲ ၁၄/ ငပတ(နိုင်) ၁၆၁၁၃၆ ဖြစ်ပါကြောင်း။

**ဦးချစ်သဲ ၁၄/ငပတ(နိုင်) ၁၆၁၁၃၆**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ် ၆၇ယ/၆၇၆၄၈, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းမြင့် ၈/တတက(နိုင်)၁၆၁၃၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9V/62663, Trawlergi F/T ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနေလင်း ၁၄/အမန(နိုင်) ၁၁၉၄၃၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9V/73217, TRAWLERGI B2 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဆွေ ၁၄/မမက(နိုင်) ၁၄၅၁၉၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**(မအူပင်မြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9V/71960, Trawlergi ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူနိုင် ၁၄/ညတန(နိုင်)၂၀၃၃၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**(မအူပင်မြို့)**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**
**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၅၄**

၁။ ဒေါ်ရင်လှ **နှင့်** ဦးစောကြိုင်
၂။ ဒေါ်ဝင့်မာခိုင်
**(တရားလိုများ)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ပုန်းညက်မြိုင်လမ်း၊ အမှတ်-(၉၃၆) နေ ဦးစောကြိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုများက"မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ လ၊ ၆ ရက် ( ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ်၊ ၁၀ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင့်ဝါဖေဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

---

## ပျောက်ဆုံးကြောင်း

(ဘ) ဦးဆူဝူ၏သမီး၊ ကျွန်မ မဖန်ကိုင်(၁၃/မနန(နိုင်) ၀၃၃၂၉၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-628315)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၈၀၄၂၂၁၅**

---

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ် (၁၆)၊ မူလတန်းလွန်ကျောင်း Grade-4 တွင် ပညာသင်ကြားနေသော မမိုးသန္တာကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင်ဦး ၉/မခန(နိုင်) ၁၅၅၀၂၆ ဖြစ်ပါကြောင်း။

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

(ဘ)ဦးတင်အေး ၏သား မြင်းခြံမြို့နယ်၊ အထက(ခွဲ) ပျော်ဘွယ် စံပြကျောင်းမှ အထက်တန်းပြဆရာ ဦးမြင့်သန်း၏ အမည် ဦးလှဝင်းသိန်း (ခ) ဦးမြင့်သန်း ၉/မခန(နိုင်)၀၀၈၃၃၇မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

---

## အမည်မှန်

မန္တလေး တိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ်(၁၆) မူလတန်းလွန်ကျောင်း Grade-4 တွင် ပညာသင်ကြားနေသော (ဘ)ဦးဇော်လင်းအောင် ၉/မခန(နိုင်)၁၈၁၁၄၃ ၏သား အမည်မှန်မှာ မောင်ဖြိုးသီဟနိုင် ဖြစ်ပါကြောင်း။

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်အောင်-၂ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၀/တောင်သာအနောက်၊ ဦးပိုင်အမှတ်(၆၉ᵀ)၊ ဧရိယာ(၀.၀၇၄)ဧကရှိ ဦးကြင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက် နှင့်ဇနီးဖြစ်သူ ဒေါ်မြင့် ကွယ်လွန်သဖြင့် တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်သန္တာမြင့် ၉/ပမန(နိုင်) ၁၄၂၇၀၁ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက် ကေတုမတီလမ်း၊ အမှတ်(၇၇၅)၊ ဆဌမထပ်(ခေါင်းရင်းခန်း)၊ (၇)လွှာတိုက်ခန်း နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးတင်လှိုင် (၁၂/မရက(နိုင်) ၀၁၃၇၂၃)၊ /ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် (၃)ရပ် ကွက်၊ ခိုင်ရွှေဝါ(၃)လမ်း၊ အမှတ်-၁၄(၅-လွှာ)တွင် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

အထက်ခေါင်းစဉ်ပါတိုက်ခန်းအား Nation Light Co., Ltd ထံတွင် ကျွန်ုပ်မိတ်ဆွေ ဦးတင်လှိုင်မှ တိုက်ခန်းဖိုးငွေ အပြေအကြေပေးချေ၍ (၈-၁၁-၂၀၂၅)ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်သဘောတူစာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူခဲ့ပြီး (၈-၁၁-၂၀၂၅) ရက်၌ပင် တိုက်ခန်းသော့အပ်နှံခြင်းကိစ္စ စာရွက်စာတမ်း၌ မန်နေးဂျင်းဒါရိုက်တာဦးလွင်ရန်နိုင်ကိုယ်တိုင် လက်မှတ်ရေးထိုး၍ သော့အပ်ကာ တိုက်ခန်းကို လက်ရောက်အပ်နှံပြီးဖြစ်ပါသည်။

သို့ဖြစ်၍ (၈-၁၁-၂၀၂၅)ရက်ကတည်းက ကျွန်ုပ်မိတ်ဆွေ၏ လက်ဝယ်ရရှိခဲ့သည့် တိုက်ခန်းဖြစ်သည့်အတွက် တိုက်ခန်းနှင့်ပတ်သက်သည့် အကြောင်းကိစ္စ တစ်စုံတစ်ရာရှိခဲ့ပါက ကျွန်ုပ်မိတ်ဆွေထံသို့ဆက်သွယ်အကြောင်းကြားပြီး ခွင့်ပြုချက်ရယူပြီးမှသာ ဆောင်ရွက်ခွင့်ရှိမည်ဖြစ်ပါသည်။

ယခုအခါတွင် ကျွန်ုပ်မိတ်ဆွေအား အသိမပေးဘဲ တိုက်ခန်းအား ဝင်ပေါက်တံခါးမကြီး၏အပြင်တွင် အုတ်နံရံဖြင့် တွက်ကပ်၍ သံပန်းတံခါးတစ်ချပ် ထပ်မံတပ်ဆင်ကာ သော့အသစ်တစ်လုံး ခတ်ထားခဲ့ကြောင်း သွားရောက်သည့်အခါ၌ တွေ့ရှိရသဖြင့် တိုက်ခန်းအတွင်း ဝင်ရောက်၍မရခဲ့ပါ။ အဆိုပါ ပြုလုပ်မှုသည် ပိုင်ရှင်အမြဲဝင်ထွက်သွားလာနေကြနေရာအတွင်းသို့ ဝင်ထွက်ခွင့်မရအောင် ပိတ်ပင်တားဆီးသည့်သဘောသက်ရောက်သည့်အပြင် အခွင့်အမိန့်တစ်စုံတစ်ရာရရှိ၍ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမျိုးမဟုတ်သည့် ဥပဒေမဲ့လုပ်ရပ်မျိုးဖြစ်၍ လက်ခံ၍မရပါ။ အဆိုပါလုပ်ရပ်အပေါ်တွင်လည်းကောင်း၊ နောက်နောင်အလားတူလုပ်ရပ်မျိုး ထပ်မံကျူးလွန်သူ မည်သူ ကိုမဆိုဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုချိုမာ (LL.B) (တရားလွှတ်တော်ရှေ့နေ) (စဉ်-၇၉၂၁)**
**အမှတ်-၅၇၄၊ ခရေလမ်း၊ (၁၂)ရပ်ကွက် ၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/9735 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်း ကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/4791 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်း ကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

